# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၄၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။


၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

### သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

ဆောင်းပါး စာ ၆



### အရှက်အရောင်တိုင်းကတ်အသုံးပြု၍ စပါးပင်၏ အာဟာရဓာတ်ကို စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေး

ပြည်တွင်းသတင်း စာ ၉

### ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သော ရပ်တည်ချက်တို့ဖြင့်

ဆောင်းပါး စာ ၁၀



ယမန်နှစ်က အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ရိုးရာအစဉ်အလာအတိုင်း လှည့်လည်ပူဇော်ခံစဉ်။

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံမည်

ညောင်ရွှေ စက်တင်ဘာ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် ယခုနှစ်တွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၏ ကုသိုလ်သဒ္ဓါအကျိုး ရရှိပွားများစေရေးအတွက် အင်းလေးဒေသဝဲယာ(၂၁)ဌာနသို့ ရိုးရာအစဉ်အလာအတိုင်း ၁၈ ရက်တိုင်တိုင် ဒေသစာရီကြွချီ ပူဇော်ခံလှည့်လည်မည်ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ❑



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် စိုက်ပျိုးထားသော နှမ်း ဧက ၈၆၄၀ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းဧက ၈၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့၍ အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၈၆၄၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၉ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ နှမ်းစိုက်ခင်းတွေကို လက်ရှိမှာ ရိတ်သိမ်းလျက်ရှိပြီး ဒီနေ့ထိ ဧက ၈၆၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၉ ဒသမ ၄၂ တင်း ထွက်ရှိပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသတွင်း ဆီစားသုံးမှုဖူလုံစေဖို့၊ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး တောင်သူတွေကို တိုးချဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# ဉာဏ်နှင့်ယှဉ်သည့်လမ်းကိုရွေးချယ်

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးဟူသော မျှော်မှန်းချက်သည် ယနေ့မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ မျှော်မှန်းချက်ဖြစ်သည်။ ယင်းမျှော်မှန်းချက်သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့သာမက နိုင်ငံတော်ကိုဆန့်ကျင်နေသူ၊ ပုန်ကန်နေသူ၊ အတိုက်အခံပြုသူတို့ကလည်း သဘောတူညီကြသည့် ဘုံမျှော်မှန်းချက်ဖြစ်သည်။ သို့ရာတွင် သူလည်း ဒီမိုကရေစီ၊ ကိုယ်လည်း ဒီမိုကရေစီ၊ သူလည်းဖက်ဒရယ်၊ ကိုယ်လည်းဖက်ဒရယ်ဟူ၍ တူညီနေပါလျက် လက်နက်စွဲကိုင်တိုက်ခိုက်နေကြခြင်းမှာ နားမလည်ချင်စရာကောင်းသည်။ လွတ်လပ်ရေးရပြီးကာလ မြန်မာ့နိုင်ငံရေးသမိုင်းကို သေချာစွာလေ့လာစေ့ငုလျှင်မူ ယနေ့မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်တို့အပေါ် ကောင်းစွာနားလည်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် မြန်မာ့နိုင်ငံရေးသမားများ၏ အလေ့အထနှင့် လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းပေါင်းစုံတို့၏ သဘာဝမှာမူ ခေတ်တိုင်းတွင် ထူးမခြားနားဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံ့အရေးထက် ကိုယ့်အရေးကို ဦးစားပေးသူများ၊ နိုင်ငံရေးကို ညစ်ထေးအောင်ပြုမူသူများ၊ တွေးခေါ်မြော်မြင်မှုနည်းပါးသူများ နိုင်ငံရေးလောကတွင်ပေါများသကဲ့သို့ လူမျိုးစုအရေးဗန်းပြ၍ လက်နက်ကိုင်အဖွဲ့ထူထောင်ကာ စစ်နယ်ရှင်အဖြစ်မင်းမူလိုသူများ၊ လက်နက်ကိုင်ပြီး အကျိုးစီးပွားရှာလိုသူများ၊ အတွေးအခေါ်ကင်းမဲ့စွာဖြင့် မဆုံးနိုင်သည့်လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ထားကြသူများသည်လည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ပေါင်းစုံတို့ကို ဦးဆောင်သူများဖြစ်နေကြသည်။

သို့ဖြစ်ရာ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုဆိုသည်ကို ၎င်းတို့အနေဖြင့် လူကြားကောင်းအောင် ဝါဒဖြန့်သက်သက်မျှသာ ပြောဆိုနေကြခြင်းဖြစ်သည့်အလျောက် အမှန်တကယ်လိုလားခြင်း မဟုတ်။ အမှန်တကယ်လိုလားသည်ဆိုလျှင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၍ နိုင်ငံရေးလမ်းကြောင်းပေါ်သို့ တက်လာရုံသာ ဖြစ်သည်။ ထိုနည်းတူစွာပင် ၂၀၂၁ ခုနှစ်နောက်ပိုင်း နိုင်ငံရေးအပြောင်းအလဲတွင် အကြမ်းဖက်နိုင်ငံရေးသမားများ လှုံ့ဆော်မှု၊ ဘေးတီးပေးမှုတို့ကြောင့် PDF အမည်ခံလက်နက်ကိုင်အုပ်စုများ ပေါ်ပေါက်လာခဲ့ပြီး ဒေသအသီးသီးတို့တွင် လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့ကြရာ လေးနှစ်ကျော်မျှကြာမြင့်လာပြီးသည့် ယနေ့အချိန်တွင် ၎င်းတို့၏လုပ်ရပ်များကို မနှစ်မြို့သည့်အဖွဲ့ဝင်များက ၎င်းတို့၏ အဖွဲ့အသီးသီးကို စွန့်ခွာနေကြပြီဖြစ်သည်။ အချို့မှာလည်း အကြောင်းအမျိုးမျိုးပြ၍ ခြိမ်းခြောက်ထားမှုများကြောင့် အကြမ်းဖက်အဖွဲ့များအတွင်း ဆက်လက်ရှိနေကြရသည်ဟုလည်း သိရသည်။

ယခုအခါ နိုင်ငံတကာတွင် ပြောင်းလဲလာသော အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတကာဆက်ဆံရေးအခြေအနေများက နိုင်ငံတော်ကို အကြမ်းဖက်လက်နက်ကိုင်ဆန့်ကျင်နေမှုများအပေါ် ရပ်တည်ရန် ခက်ခဲလာစေသည်။ လက်တွေ့အားဖြင့်လည်း အကြမ်းဖက် EAO များနှင့် PDF များ ၏ အတိဒုက္ခများကို လူမှုကွန်ရက်များတွင် မမြင်ချင်တစ်ဆုံး တွေ့မြင်ကြားသိနေကြရသည်။ မိမိတို့နိုင်ငံတော်၊ မိမိတို့ပြည်သူများ၊ မိမိတို့တပ်မတော်အနေဖြင့် ဦးတည်ချက် (၄) ရပ်ကို တိတိကျကျချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ရာ မကြာမီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်အောင်ကျင်းပပြီး ဒီမိုကရေစီရှေ့ခရီးကို ဆက်ကြမည်ဖြစ်သည်။

သွားမည့်ခရီးပန်းတိုင်ချင်းတူလျှင် အကွေ့အကောက်အတက်အဆင်း နည်းသည့်လမ်း၊ သွေးထွက်သံယိုကင်းသည့်လမ်းကို ရွေးချယ်ခြင်းကသာ ဉာဏ်နှင့်ယှဉ်ရာကျမည်ဖြစ်သည်။ အဖျက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်များအပါအဝင် မြို့များ၊ ရွာများ၊ လမ်းတံတားများ ဒေသအများအပြားမှာ ပျက်စီးခဲ့ရပြီဖြစ်သည်။ နိုင်ငံအကျိုး၊ ဒေသအကျိုးကို မျှော်မှန်းကာ အပြုလုပ်ရပ်များကို စည်းစည်းလုံးလုံး၊ တက်ညီလက်ညီ ဆောင်ရွက်ကြလျှင် မိမိတို့နိုင်ငံမှာ မကြာမီကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိသွားမည်ဖြစ်သည်။ သို့ဖြစ်ရာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံနှင့်ပြည်သူ့အကျိုးဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၉၅ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ ( စ ) နှင့် ( ဇ ) တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့နောက်ဆုံးတင်ပြရမည့်ရက်ကို ၇ - ၉ - ၂၀၂၅ ရက်နေ့သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် ( ၉ ) နှင့် ( ၁၀ ) အရ သတ်မှတ်ရက်ဖြစ်သည့် ၇ - ၉ - ၂၀၂၅ ရက်နေ့အထိ **ပုဒ်မ ၅ ပုဒ်မခွဲ ( စ ) ပါ သတ်မှတ်ပါတီဝင်ဦးရေမပြည့်မီသည့်** အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [ National Democratic Force Party (NDF) ] နှင့် **ပုဒ်မ ၅ ပုဒ်မခွဲ ( ဇ ) ပါ ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်မပြည့်မီသည့်** အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [ Democratic Party of National Politics (DNP) ]၊ အမျိုးသမီးပါတီ (မွန်)နှင့် ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ စုစုပေါင်းနိုင်ငံရေးပါတီ ၄ ပါတီကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ ( ခ ) အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၉ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၆၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ - ၉ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၁၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၆၉၅ | ၂၇၀၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၀၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၀၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၃၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)
**ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်ကြီး
(၂) ဦးမျိုးမောင်
(၃) ဦးကြည်သိန်း
(၄) ဒေါ်ခင်သင်းဝေ

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပါက နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့၏ဆန္ဒအလျောက် ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ UNHCR နှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## သံအမတ်ကြီး ဦးကျော်ကျော်မင်း အာရပ်စော်ဘွားများပြည်ထောင်စု သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၉**

အာရပ်စော်ဘွားများပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်ကျော်မင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အဘူဒါဘီမြို့ရှိ သမ္မတနန်းတော်၌ အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ်နာရမ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။**(အပေါ်ပုံ)** **သတင်းစဉ်**

❑ *ရွှေဖုံးမှ*

သီတင်းကျွတ်လဆန်း ၁ ရက် စက်တင်ဘာ ၂၂ ရက် နံနက် ၅ နာရီတွင် မူလသီတင်းသုံး စံပယ်တော်မူရာ ရတနာစံကျောင်းတော်၌ ရောင်ခြည်တော်ဖွင့်ခြင်း၊ အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်၍ နံနက် ၇ နာရီတွင် ရတနာစံကျောင်းတော်မှ ကရဝိက်ဖောင်တော်ဖြင့် ကျေးပေါခုံဌာနသို့ စတင်ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။

**စံကျောင်းတော်ဝင်ပွဲကျင်းပမည်**

သီတင်းကျွတ်လဆန်း ၇ ရက် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ဌာနသို့ဆိုက်ရောက်၍ သုံးရက် ကိန်းဝပ်ပူဇော်ခံပြီး သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာ ၉ ရက်တွင် မူလသီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်သို့ ပြန်လည်ကြွချီ၍ စံကျောင်းတော်ဝင်ပွဲ ကျင်းပမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ပွဲတော်ကာလအတွင်း အင်းသား ရိုးရာလှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ အကြိုပွဲစဉ်များအဖြစ် သီတင်းကျွတ်လဆန်း ၅ ရက် စက်တင်ဘာ ၂၆ ရက်တွင် ရေလယ်ဧည့်ခန်းမ ရှေ့ရေပြင်ကျယ်၌ ကျင်းပပြုလုပ်သွားမည်ပြီး ညောင်ရွှေမြို့ဌာနသို့ ဆိုက်ရောက်သည့် စက်တင်ဘာ ၂၈ ရက်တွင် ညောင်ရွှေမြို့ နန်းကပ်ချောင်း၌ လည်းကောင်း၊ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရတနာစံကျောင်းတော်ရှေ့ ရေပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

❖ *ရွှေဖုံးမှ*

စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာလည်း GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ရိတ်သိမ်းပြီး နှမ်းတွေကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထိန်းသိမ်းကြဖို့နဲ့ ရိတ်သိမ်းရန်ကျန်ရှိတဲ့ နှမ်းခင်းတွေကို အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်အောင် ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။


ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အထွက်နှုန်းနှမ်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေး၊ မြေဩဇာနှင့် သွင်းအားစုများ အချိန်ကိုက်သုံးစွဲတတ်စေရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သဖြင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေး ဖိုရမ်သို့ တက်ရောက်ခဲ့သည်။**

(၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့ ပါဝင်တက်ရောက်သည်။



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေး Mr. Anton Kobyakov အား တွေ့ဆုံ၍ **(အပေါ်ယာပုံ)** မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimirovich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ကျန်းမာရေး ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၄ ရက်နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Russia-ASEAN Business Dialogue အစီအစဉ်တွင် Panelist အနေဖြင့် တက်ရောက်၍ ရုရှား-အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှား-အာဆီယံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဈေးကွက်များကို ချဉ်းကပ်ရမည့် ဘုံနည်းလမ်းများ၊ ရုရှားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆွဲဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးဗားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**လေ့လာကြည့်ရှု**

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးအပါအဝင် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးကြပြီး ဖိုရမ်၌ ပြသထားသော ပြခန်းများအား လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SYNERGY Corporation မှ International Recruitment Agency Director ဖြစ်သူ Ms. Lidia Filatova အား လက်ခံတွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူ နိုင်ငံသားများအတွက် အခွင့်အလမ်းများနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တစ်ချိန်ထဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က " Global South and East : who will lead the new growth economy" ခေါင်းစဉ်ဖြင့် ကျင်းပသော စားပွဲဝိုင်းဆွေးနွေးပွဲတွင် Speaker အဖြစ် တက်ရောက်ဆွေးနွေးခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ပဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum - Plenary Session) သို့ ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr.Sonsan Siphandon ၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Gombojavyn Zandanshatar နှင့် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Hong Zhong တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးကြသည်။

သမ္မတပူတင်က ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရုရှားအရှေ့ဖျားနှင့် အာတိတ်ဒေသအား ဒုတိယအထူးဦးစားပေးစီးပွားရေးဒေသအဖြစ် သတ်မှတ်သွားရန်ရှိကြောင်း၊ အနာဂတ်တွင် အာရှနှင့် ဥရောပတို့အကြား မြောက်ဘက်ပင်လယ်ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်း၊ ယင်းအတွက် အာတိတ်ဒေသဖြတ်သန်း စကြံ့ထူထောင်မည်ဖြစ်ပြီး ဆိုက်ဘေးရီးယားဒေသဖြတ်ကြောင်းများကို သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအတွက် အသုံးပြုနိုင်မှု အလားအလာကောင်းများရှိကြောင်း၊ အရှေ့ဖျားဒေသတွင် ဒရုန်းယာဉ်များအသုံးပြုမှု ကျယ်ပြန့်လာစေရေးအတွက် စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏ စီးပွားရေးတုံ့ဆိုင်းခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းအရေးနှင့် စပ်လျဉ်း၍ လုံခြုံရေးအာမခံချက်အပေါ် ရုရှားနိုင်ငံအနေဖြင့် အလေးထားကြောင်း၊ အာမခံချက်ရရှိစေရန် နှစ်ဖက်စလုံးမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအတွင်းရှိ မည်သည့် နိုင်ငံ/တပ်ဖွဲ့ကိုမဆို ဥပဒေအရ တိုက်ခိုက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မျက်နှာစုံညီ အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov နှင့် GAZPROM ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အလားအလာကောင်း၍ အာမခံချက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံတွင် Feasibility Study ပြုလုပ်ထားပြီးဖြစ်သည့် ရေနက်ဆိပ်ကမ်းများနှင့် တည်ဆောက်ထားပြီးဖြစ်သည့် ပိုက်လိုင်းများကို အသုံးပြု၍ LNG Hub ကဲ့သို့သော Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက်အလားအလာကောင်းများ ရှိမှုနှင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ဆေးလက်တွေ့သင်ကြားနိုင်ရေး**

စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Valdivostok မြို့ရှိ Medical Center သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုပ်အသုံးပြု၍ ခွဲစိတ်မှုများ (Robotic Surgery)၊ AI နည်းပညာအသုံးပြု၍ မှန်ပြောင်းကြည့် ခွဲစိတ်ကုသမှုများ (Endoscopic Surgery)၊ ကလေးကုသဆောင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်းဌာန၊ ပြန်လည်သန်စွမ်းရေး ဌာနများသို့ ကြည့်ရှုပြီး အဆိုပါဆေးရုံရှိ ဆေးကုသမှုအခြေအနေများ၊ နိုင်ငံတကာ ဆေးကျောင်းသားများ တက်ရောက်သင်ကြားပေးနေမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများ စေလွှတ်ပြီး ဆေးလက်တွေ့ သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရေးနှင့် အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုဖြစ်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အကြီးအကဲများ၊ အစိုးရအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**တွေ့ဆုံဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံနှင့် UNHCR အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၅၀၀ ကေဗွီဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်း ၉၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ကြပ်မတ်ဆောင်ရွက်**

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် အလေးထား ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံစီမံကိန်းအဝင်လမ်းဖောက်လုပ်ရာတွင် အမြန်လမ်းမကြီး နယ်နိမိတ်နှင့် လွတ်ကင်းအောင် ဖောက်လုပ်သွားရန်၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စနစ်တကျအသုံးပြုစေရေးနှင့် ကျန်ရှိသည့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တပ်ဆင်ပြီးစီးမှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းခွင်တွင် ပါဝင်ဆောင်ရွက်နေသော ဝန်ကြီးဌာနမှ မျိုးဆက်သစ် အင်ဂျင်နီယာဝန်ထမ်းနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ Switch Yard အတွင်း ထရန်စဖော်မာများ၊ Shunt Reactor နှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** လိုအပ်သည်များ မှာကြားသည်။

၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်း တစ်ခုလုံးအနေဖြင့် ၉၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး တာဝန် မကြာမီကာလအတွင်း ပြီးစီးတော့မည် ဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ဦးစားပေးခရီး လာရောက်ခဲ့မှု၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR မှ ဘေးဒဏ်သင့်သူများသို့ လူသားချင်းစာနာမှု အကူအညီပေးအပ်ခဲ့မှု အခြေအနေ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သော ကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi တို့ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ကလောမြို့နယ်အတွင်း လုံးဝပြိုကျပျက်စီးခဲ့သည့် နေအိမ်များနှင့် တစ်စိတ်တစ်ပိုင်း ပြိုကျပျက်စီးနေအိမ်များအား ထောက်ပံ့ငွေပေးအပ်



**ကလော စက်တင်ဘာ ၉**

မန္တလေးငလျင်ကြီးကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် လုံးဝပြိုကျပျက်စီးခဲ့သည့် နေအိမ်များနှင့် တစ်စိတ်တစ်ပိုင်း ပြိုကျပျက်စီးနေအိမ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ပြုလုပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ငလျင်ဘေးသင့် ပြည်သူများ တက်ရောက်သည်။

ဦးစွာ ကလောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မန္တလေးငလျင်ကြီးကြောင့် ကလောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ လုံးဝပြိုကျပျက်စီးခဲ့သည့် ဝါးထရံကာ နေအိမ် တစ်လုံးအတွက် ငွေကျပ်သိန်း ၂၀၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်တစ်လုံးလျှင် ၆ ဒသမ ၆၆၆ သိန်းကျပ်နှုန်းဖြင့် နေအိမ်ခုနစ်လုံးအတွက် ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၆၆၂ သိန်း၊ တစ်ထပ်ပျဉ်ထောင် အိမ်တစ်လုံးလျှင် ၃၃ ဒသမ ၃၃၇ သိန်းနှင့် နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးလျှင် သိန်း ၆၀ နှုန်းဖြင့် နေအိမ်နှစ်လုံးအတွက် သိန်း ၁၂၀ စုစုပေါင်း ငွေကျပ် ၂၁၉ ဒသမ ၉၉၉ သိန်းကို ကလောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ **(ဝဲပုံ)** နှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **ကျော်ဝင်း(ကလော)**

# သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

မောင်မိုး

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးဟာ စစ်အေးကာလနဲ့ စစ်အေးကာလအလွန်ကဲ့သို့ စူပါပါဝါ တစ်နိုင်ငံတည်း သို့မဟုတ် နှစ်နိုင်ငံအပြိုင် အုပ်စိုးခြယ်လှယ်ခဲ့ကြတဲ့ ဒွိဝင်ရိုးကမ္ဘာ (Bipolar World) နဲ့ ဧကဝင်ရိုးကမ္ဘာ (Unipolar World) စနစ်များဆီမှ နိုင်ငံပေါင်းစုံပါဝင်လာတဲ့ ဗဟုဝင်ရိုးခေါ် ဝင်ရိုးစုံကမ္ဘာသစ် (Multipolar World) အခင်းအကျင်းတစ်ခုဆီသို့ အလျင်အမြန် ကူးပြောင်းနေပြီဖြစ်ပါတယ်။ ယင်းအပြောင်းအလဲမှာ သီအိုရီဆိုင်ရာ ယူဆချက်တစ်ခုမျှသာ မဟုတ်ဘဲ ကြီးမားတဲ့ စီးပွားရေး၊ စစ်ရေးနဲ့ အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲများဖြင့် ဖြစ်ပေါ်လာတဲ့ 'လက်တွေ့အဖြစ်မှန်' ပဲ ဖြစ်ပါတယ်။ ယနေ့ တရုတ်နိုင်ငံရဲ့ ဘက်စုံဆန်းသစ် တိုးတက်လာမှုနဲ့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေး လျင်မြန်စွာကြီးထွားလာမှုတို့ဟာ ကမ္ဘာ့စီးပွားရေးဗဟိုချက်ကို အာရှဒေသသို့ ဦးတည်ရွေ့လျားစေခဲ့ပါတယ်။ အထူးသဖြင့် BRICS၊ Shanghai Coopera-tion Organisation (SCO)၊ ASEAN စတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်လာမှုများကလည်း Multipolar World အသွင် ပိုမိုအားဖြည့်လျက်ရှိပါတယ်။ အလားတူ ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲ၊ အိန္ဒိယ-ပါကစ္စတန် စစ်ပွဲ၊ အီရန်-အစ္စရေး စစ်ပွဲနဲ့ အရှေ့အလယ်ပိုင်း ပဋိပက္ခများစွာအပြင် အင်ဒို-ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံများရဲ့ မဟာဗျူဟာတိုးတက်မှုများကလည်း မိတ်ဖက်အစုအဖွဲ့များအပေါ် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)၌ ဆွေးနွေးပြောကြားစဉ်။

ယနေ့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ (၂၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေး အခင်းအကျင်းများမှာ အရေးပါတဲ့ အပြောင်းအလဲများကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီး နိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီး ခြယ်လှယ်ချုပ်ကိုင်စနစ်များကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့ အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။





### သမိုင်းကြောင်းနဲ့ မျက်မှောက်အခြေအနေ

၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၁ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO) ဟာ သမိုင်းတစ်လျှောက် အကြီးမားဆုံး ထိပ်သီးအစည်းအဝေးဖြစ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ ဤထိပ်သီးအစည်းအဝေးကို ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ တူရကီယဲ့ မြန်မာနိုင်ငံမှ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် အခြားနိုင်ငံခေါင်းဆောင် ၂၀ ကျော် တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

SCO အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းအရလည်း ၂၀၀၁ ခုနှစ်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်ရေး စတဲ့ နယ်ပယ်များမှ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံစတဲ့ (၆) နိုင်ငံနဲ့ စတင်တည်ထောင်ခဲ့တာ ဖြစ်တယ်။ အဖွဲ့ဝင်နိုင်ငံ (Member States) ၆ နိုင်ငံမှ အဖွဲ့ဝင် ၁၀ နိုင်ငံအဖြစ် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘီလာရုဇ်နိုင်ငံများနဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ လေ့လာသူနိုင်ငံများ (Observer States) အဖြစ် မွန်ဂိုလီးယားနဲ့ အာဖဂန်နစ္စတန်နစ်နိုင်ငံဖြစ်ပါတယ်။ ဆွေးနွေးဖက်နိုင်ငံများ (Dialogue Partners) အဖြစ် မြန်မာ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ တူရကီယဲ၊ မော်လ်ဒိုက်၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး စတဲ့ ၁၄ နိုင်ငံပဲ ဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ (၂၅) ကြိမ်မြောက် SCO ထိပ်သီးအစည်းအဝေးကနေ လာအိုနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့တာကြောင့် SCO အဖွဲ့အစည်း၏ အသိုက်အဝန်းအတွင်း ၂၇ နိုင်ငံအထိ ရှိလာပြီဖြစ်ပါတယ်။

SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါး ကမ္ဘာ့ GDP ရဲ့ လေးပုံတစ်ပုံနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံနဲ့ SCO အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ လေ့လာသူနိုင်ငံများအကြား ကုန်သွယ်မှုဟာ ဒေါ်လာ ၈၉၀ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး SCO ဒေသများမှတစ်ဆင့် ဖြတ်သန်းတဲ့ တရုတ်-ဥရောပ ကုန်တင်ရထားများဟာ ၂၀၂၄ ခုနှစ်မှာ ခရီးစဉ်ပေါင်း ၁၉၀၀၀ အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

### မဟာဗျူဟာစုစည်းမှုပုံရိပ်များ...

ယနေ့ကျင်းပပြုလုပ်ခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ နိုင်ငံတကာနဲ့ ဒေသတွင်းရပ်ဝန်းများမှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များစွာကို ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတကာလေ့လာသူများရဲ့ အစည်းအဝေးရလဒ် ထုတ်နုတ်ချက်များ၊ SCO အဖွဲ့အစည်းကနေ တရားဝင်ကြေညာချက်များနဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး ထုတ်ပြန်ပြောဆိုချက်များအရ ယနေ့ပြုလုပ်တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ အောက်ပါအတိုင်း အဓိကဆွေးနွေး ပူးပေါင်းဆောင်ရွက်ခဲ့မှုအသီးအပွင့်များကို ထုတ်နုတ်လေ့လာတွေ့ရှိရပါတယ်-

❖ **"ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၁၀ နှစ်တာ)"**။ အဖွဲ့ဝင်နိုင်ငံများအတွက် အလုံးစုံပါဝင်သော လမ်းညွှန်ချက်ချကာ "ရှန်ဟိုင်းစိတ်ဓာတ်" အတိုင်း ပူးပေါင်းဆောင်ရွက်ရန် အခြေခံလမ်းပြ မြေပုံသတ်မှတ်နိုင်ခဲ့မှု။

*စာမျက်နှာ ၇ သို့*





**"လက်ရှိ မြန်မာနိုင်ငံဟာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner) အဆင့်သာရှိသေးသော်လည်း ယခုအစည်းအဝေးမှာ အမြဲတမ်းအဖွဲ့ဝင် ဖြစ်လာစေရေး အဖွဲ့ဝင်အားလုံးရှေ့မှာ ဆန္ဒပြုပြောဆိုခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါးနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုတဲ့ Major Powers များ စုစည်းရာအဖွဲ့အစည်းဖြစ်ပြီး ယင်းရဲ့ ဆက်စပ်အစည်းအဝေး၊ ဆွေးနွေးပွဲများကို တက်ရောက်ခြင်းနဲ့ အကြီးအကဲများအချင်းချင်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းများဟာ မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းရဲ့ နွေးထွေးစွာ အသိအမှတ်ပြုမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဤစင်မြင့်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းမှုများနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း ကမ္ဘာကိုအသိပေး ချပြနိုင်ခဲ့ပါတယ်"**

စာမျက်နှာ ၆ မှ

- **“ဒုတိယကမ္ဘာစစ် သင်ခန်းစာ”။** သမိုင်းမှ သင်ခန်းစာယူ၍ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး၊ ကုလသမဂ္ဂကိုဗဟိုပြုတဲ့ နိုင်ငံတကာစနစ်ကို တည်ဆောက်ဖို့ တိုက်တွန်းနိုင်ခဲ့မှု။
- **“တရားမျှတသော ကုန်သွယ်ရေးစနစ်”။** ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ကို ဗဟိုပြုတဲ့ နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို ထောက်ခံကာ အင်အားကြီးနိုင်ငံများရဲ့ တစ်ဖက်သတ် အနိုင်ကျင့်မှုများကို ဆန့်ကျင်ကြောင်း ကြေညာနိုင်ခဲ့မှု။
- **“လုံခြုံရေးစင်တာ လေးခု”။** SCO အဖွဲ့အစည်းအတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု တိုက်ဖျက်ရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်ပြစ်မှု တိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးစင်တာများကို တည်ထောင်နိုင်ခဲ့မှု။
- **“ဖွံ့ဖြိုးတိုးတက်ရေးဘဏ်”။** SCO အဖွဲ့အစည်းရဲ့ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ လျင်မြန်လွယ်ကူစွာ အကောင်အထည် ဖော်နိုင်ဖို့ SCO ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်ရန် သဘောတူညီနိုင်ခဲ့မှု။
- **“ပလက်ဖောင်း ၆ ခုနဲ့ စီမံချက် ၆ ခု”။** စွမ်းအင်၊ အစိမ်းရောင်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းနည်းပညာ စတဲ့ နယ်ပယ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အခြေခံ ပလက်ဖောင်းများ ထူထောင်ရေးနဲ့ စီမံချက်များ ထုတ်ပြန်ဆောင်ရွက်ရေး သဘောတူညီနိုင်ခဲ့မှု။
- **“SCO အသိုက်အဝန်းချဲ့ထွင်မှု”။** လာအိုနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ယနေ့အချိန်တွင် SCO အသိုက်အဝန်းအား ၂၇ နိုင်ငံအထိ တိုးမြှင့်လာနိုင်ခဲ့မှု။

ယနေ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးမူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေး ကွင်းဆက်များ အနှောင့်အယှက်ဖြစ်နေချိန်မှာ SCO ဟာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေး တည်ငြိမ်မှုအတွက် အခြားရွေးချယ်စရာများကို ပေးအပ်တယ်လို့ နိုင်ငံရေးသုတေသီများက ထုတ်ဖော်ပြောဆိုလာကြပါတယ်။ ထို့ပြင် ရုရှား-ယူကရိန်းစစ်ပွဲကြောင့် နိုင်ငံရေးသံခင်းတမန်ခင်းကိစ္စများ မရေရာမှုများကြားမှာ တရုတ်၊ ရုရှားနဲ့ အိန္ဒိယတို့အကြား RIC သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပြန်လည်အသက်သွင်းဖို့ အခွင့်အလမ်းများလည်း ပေါ်ထွက်လာတယ်။ အိန္ဒိယဝန်ကြီးချုပ်မိုဒီရဲ့ ခုနစ်နှစ်အတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံအကြား နယ်စပ်တင်းမာမှုများ ရှိနေပေမယ့် အေးစက်နေတဲ့ဆက်ဆံရေးကို ပြန်လည်တည်ဆောက် နွေးထွေးစေခဲ့ပါတယ်။ ယခုအစည်းအဝေးမှာ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ၎င်းရဲ့ အရေးကြီးဆုံး စွမ်းအင်မိတ်ဖက်နှစ်ဦးဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ တစ်ပြိုင်နက် တွေ့ဆုံခဲ့ကြတာကလည်း သမိုင်းဝင်ပေါင်းစည်းမှုတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ အစည်းအဝေးမှာ ၃ နိုင်ငံ တွေ့ဆုံခဲ့ကြပြီး မြောက်ပိုင်းပင်လယ်စကြံ (Northern Sea Route) ကို အသုံးပြုကာ ကုန်သွယ်ရေးချဲ့ထွင်ရန် သဘောတူညီခဲ့ကြသလို ရုရှားရဲ့ စွမ်းအင်အရင်းအမြစ်များ၊ အိန္ဒိယရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ တရုတ်ရဲ့ လမ်းပန်းဆက်သွယ်ရေးစီမံချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။ အလားတူ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာရှတိုက်အတွင်း စစ်ရေးအရ တင်းမာမှုများ လျှော့ချရေးအတွက် သုံးနိုင်ငံအကြား နယ်စပ်ယုံကြည်မှု တည်ဆောက်ရေး ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ ဗဟိုအာရှဒေသ မငြိမ်သက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့ ညှိနှိုင်းခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ အလားတူ ကုလသမဂ္ဂ (UN)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (SCO)၊ BRICS၊ G20 စတဲ့ နိုင်ငံစုံပလက်ဖောင်းများမှာ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ကာ လူသားမျိုးနွယ်အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအား အတူလက်တွဲ တွန်းအားပေးသွားဖို့ သဘောတူညီခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ BRICS နဲ့ SCO ကဲ့သို့ အစုအဖွဲ့သစ်များမှာ ဘက်ပေါင်းစုံ သဘောတူညီမှုအပေါ် အခြေခံပြီး အာရုံစိုက် ဆုံးဖြတ်ချက်ချမှုများက အပြန်အလှန် လေးစားမှုနဲ့ စစ်မှန်တဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံထားတဲ့ သံတမန်ဆက်ဆံရေး ခေတ်သစ်တစ်ခုကို ဖော်ညွှန်းလျက်ရှိပါတယ်။

ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲနဲ့ စပ်လျဉ်းကာ NATO နဲ့ G7 ကဲ့သို့ အနောက်တိုင်း အဖွဲ့အစည်းများဟာ ကျစ်ကျစ်လျစ်လျစ် ပြန်လည်စုဖွဲ့နေချိန်မှာ အာရှရပ်ဝန်းနဲ့ တောင်ကမ္ဘာခြမ်း (Global South)ကို စင်စစ်ကိုယ်စားပြုနိုင်တဲ့ SCO အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ SCO ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများကို ကျော်လွန်ပြီး ပိုမိုကျယ်ပြန့်တဲ့ နိုင်ငံရေး၊ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ရည်ရွယ်ချက်များနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့နိုင်ပါတယ်။ သာဓကအားဖြင့် မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ တရုတ်-ရုရှား စစ်ရေး ပူးပေါင်းဆောင်ရွက်မှုများဟာ ဒေသတွင်း လုံခြုံရေးအစီအစဉ်သစ်ကို ပုံဖော်ဖို့နဲ့ ဘက်ပေါင်းစုံမှ ဖိအားဒဏ်များကို တန်ပြန်ဖို့ ရည်ရွယ်တာမျိုးဖြစ်ပါတယ်။

အနောက်အင်အားကြီးနိုင်ငံများရဲ့ ဒဏ်ခတ်ပိတ်ဆို့မှု အခြေအနေများကြောင့် တရုတ်-ရုရှား- အိန္ဒိယကဲ့သို့ အာရှအင်အားကြီး ၃ နိုင်ငံကို ပိုမိုစည်းလုံးသွားစေတဲ့ အခွင့်အလမ်းများ ဖြစ်ပေါ်လာခဲ့ပါတယ်။ တရုတ်ပြည်သူများရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း တက်ရောက်လာခဲ့တာဟာလည်း ထူးခြားမှုများစွာရှိနေခဲ့ပါတယ်။ ကင်ဂျုံအန်းရဲ့ ဒီပွဲတက်ရောက်မှုဟာ ၁၉၅၉ ခုနှစ်နောက်ပိုင်း ပေကျင်းက တရုတ်စစ်ရေးပြ အခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးအနေနဲ့ တက်ရောက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါဟာ Multipolar World ကို ပိုမိုပီပြင်စွာ ပေါ်ထွန်းစေခဲ့တဲ့ သမိုင်းအလှည့်အပြောင်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ယခုလို မြောက်ကိုရီးယားအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်နဲ့ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုကျော်တက်ရောက်ခဲ့တဲ့ သံခင်းတမန်ခင်း ဆက်နွှယ်လာမှုများကလည်း SCO အား စီးပွားရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အစည်း တစ်ခုထက်ပိုမိုတဲ့ အာရှဗဟိုပြု မဟာဗျူဟာကျတဲ့ စုစည်းမှုကြီးတစ်ခုအဖြစ် သန်မာအားကောင်းစေပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများရဲ့စနစ်ကို ဟန်ချက်ညီတုံ့ပြန်နိုင်စေဖို့ အသင့်ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် ယနေ့ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုဖြင့် Global South နိုင်ငံများရဲ့ ပေါင်းစည်းအားထုတ်မှုများကိုလည်း ကမ္ဘာကိုပြသဖို့ အကောင်းဆုံး အချိန်အခါကောင်းအဖြစ် ရောက်ရှိလာပြီလို့ ဆိုရမှာ ဖြစ်တယ်။

### မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ...


လက်ရှိကမ္ဘာ့နိုင်ငံရေး အခြေအနေများ၊ အထူးသဖြင့် အမေရိကန်သမ္မတ အပြောင်းအလဲနဲ့အတူ ကုန်သွယ်ခွန်ကိစ္စရပ်များ၊ မြေရှားသတ္တုကိစ္စများနဲ့ အိမ်နီးချင်း ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်တို့ရဲ့ ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများအကြား တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်း မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လုံခြုံရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ တည်ငြိမ်အေးချမ်းမှုရှိနေဖို့ အထူးလိုအပ်လာပါတယ်။ တရုတ်နိုင်ငံရဲ့ “ပိုးလမ်းမ စီမံကိန်း”မှာ အဓိက အစိတ်အပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံကို ဖြတ်သန်းကာ ပင်လယ်ထွက်ပေါက်ရရှိခြင်း အပါအဝင် မဟာဗျူဟာမြောက် အကျိုးစီးပွားများစွာ တည်ရှိနေတာကြောင့် တရုတ်နိုင်ငံရဲ့ မြန်မာအပေါ်ထားရှိတဲ့ မူဝါဒဟာ ပိုမိုပြတ်သားလာပြီလို့ လေ့လာသူများက မှတ်ချက်ပြုပါတယ်။ လက်ရှိမြန်မာနိုင်ငံဟာ စာမျက်နှာ ၈ သို့








တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံ့ခေါင်းဆောင်များကို တွေ့ရစဉ်။







*စာမျက်နှာ ၇ မှ*


SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner) အဆင့်သာ ရှိသေးသော်လည်း ယခုအစည်းအဝေးမှာ အမြဲတမ်းအဖွဲ့ဝင် ဖြစ်လာစေရေး အဖွဲ့ဝင်အားလုံးရှေ့မှာ ဆန္ဒပြုပြောဆိုခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါးနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုတဲ့ Major Powers များ စုစည်းရာ အဖွဲ့အစည်းဖြစ်ပြီး ယင်းရဲ့ ဆက်စပ်အစည်းအဝေး၊ ဆွေးနွေးပွဲများကို တက်ရောက်ခြင်းနဲ့ အကြီးအကဲများ အချင်းချင်းတွေ့ဆုံဆွေးနွေးခဲ့ခြင်းများဟာ မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းရဲ့ နွေးထွေးစွာ အသိအမှတ်ပြုမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဤစင်မြင့်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းမှုများနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း ကမ္ဘာကို အသိပေး ချပြနိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ သမိုင်းဝင်တွေ့ဆုံမှုများက နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ နားလည်မှုနဲ့ ထောက်ခံမှုကိုရရှိစေပြီး နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အထောက်အကူပြုမယ့် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်ကို ခိုင်မာလေးနက်စွာ ပုံဖော်ချိတ်ဆက် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

SCO အဖွဲ့ဝင်နိုင်ငံများရဲ့ ကုန်သွယ်မှုပိုင်းဆိုင်ရာအား လေ့လာကြည့်ရာမှာ ၂၀၂၄ ခုနှစ်မှာ တရုတ်နဲ့ အခြား SCO အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့ကြောင်း တွေ့ရှိရတယ်။ တရုတ်လုပ်ငန်းကုမ္ပဏီများဟာ SCO အခြားအဖွဲ့ဝင်နိုင်ငံများမှာ လုပ်ငန်းစုစုပေါင်း ၃၀၀၀ ကျော် တည်ထောင်ထားပြီးဖြစ်ကာ နှစ်စဉ်ပျမ်းမျှ အလုပ်အကိုင်နေရာ နှစ်သိန်းကျော်ကို ဖန်တီးပေးနေပါတယ်။ မြန်မာနိုင်ငံအနေဖြင့် SCO နဲ့ ဆက်ဆံမှုများ နက်ရှိုင်းလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုများစွာကို ပိုမိုဆွဲဆောင်နိုင်လာနိုင်မှာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံဟာ SCO အဖွဲ့ဝင်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံ တန်ဖိုးရှိ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးများ တင်သွင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့် SCO အတွင်း သဘာဝဓာတ်ငွေ့နဲ့ စွမ်းအင်ထောက်ပံ့ရေး ကဏ္ဍတွေမှာ ရှေ့တန်းက ပါဝင်လာနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ (ဆန်၊ ပဲ၊ နှမ်း) နဲ့ သစ်တောထွက်ပစ္စည်းများ အပါအဝင် အခြားစွမ်းအင်သုံး ကုန်ကြမ်းများကို နိုင်ငံတကာဈေးကွက်ကြီးဆီသို့ တင်ပို့နိုင်ဖို့ အခွင့်အလမ်းများစွာရရှိနိုင်မှာ ဖြစ်ပါတယ်။ SCO ရဲ့ **“စိမ်းလန်းတဲ့ ဖွံ့ဖြိုးမှုဖိုရမ်”** ကဲ့သို့ မဟာဗျူဟာမြောက် ဆွေးနွေးပွဲများကို တက်ရောက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးနဲ့နည်းပညာပံ့ပိုးမှုများ ရရှိလာမှာဖြစ်ပါတယ်။ SCO အဖွဲ့ဝင်နိုင်ငံအချို့ဟာ စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားရှိခြင်းနဲ့အတူ ယင်းတို့ထံမှ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ သင်ယူနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping တို့ တွေ့ဆုံဆွေးနွေးစဉ်။

လုံခြုံရေးဆိုင်ရာ ပူးပေါင်းရယူနိုင်မယ့် အခွင့်အလမ်းများအဖြစ် SCO ရဲ့ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ (Regional Anti–Terrorist Structure –RATS) မှတစ်ဆင့် ဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှုများဖြစ်တဲ့ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာလုံခြုံရေး၊ မူးယစ်ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုနဲ့ လက်နက်မှောင်ခိုကိစ္စရပ်များ စတာတွေကို ပူးပေါင်းတိုက်ဖျက်ရာမှာ နည်းပညာနဲ့ သတင်းအချက်အလက် ဖလှယ်မှုများကို ထိထိရောက်ရောက် ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများနဲ့ နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ခြင်းနဲ့အတူ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားကောင်းစေမှာပဲ ဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။




ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ဒါကြောင့်လည်း ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့် နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ် ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025–2035) ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု (SCO) ၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ် အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” အလေးအနက် ဆွေးနွေး ပြောကြားခဲ့ပါတယ်။

သို့ဖြစ်ရာ မကြာသေးခင်က တီယန်ကျင်းမှာ အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့နည်းပညာဆိုင်ရာ အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးလာခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးသာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များမှာ SCO နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်။ ယနေ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးကြီးဟာ မကြာခင် မြန်မာနိုင်ငံမှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးနဲ့ အနာဂတ်စာမျက်နှာသစ်ဖွင့်လှစ်ရာမှာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုများနဲ့ ပြည့်စုံကြွယ်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတို့အတွက် အခွင့်အလမ်းကောင်းများရရှိစေခဲ့ပြီး မဟာဗျူဟာပေါင်းစည်းမှု မှတ်တိုင်ကြီးတစ်ခုအဖြစ် သမိုင်းတင်စွဲထင်ကျန်ရစ်စေမှာ ဖြစ်ပါကြောင်း…။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင် အသုံးပြုရေး၊ အချိန်မီပြီးစီးရေးအတွက် လုပ်သားအင်အားတိုးမြှင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ရန်အောင်မြင်ဆည်၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မတာမံနှင့် ကုန်းကြောတာမံများ ပြန်လည်ပြုပြင်နေမှု၊ ဆည်ပတ်ဝန်းကျင် မြေယာရှုခင်းများ၊ ပန်းအလှပင်များ ပြုလုပ်ရန် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေး/ဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးမည့် မြေနေရာများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် သစ်တက်ကျေးရွာ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းဘေး/ ဝဲယာ အမှိုက်သရိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ၊ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## အရွက်အရောင်တိုင်းကတ်အသုံးပြု၍ စပါးပင်၏ အာဟာရဓာတ်ကို စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၉**

စပါးသီးနှံပန်းတိုင်အထွက်ရရှိရေးအတွက် စပါးပင်၏အာဟာရဓာတ်လိုအပ်ချက်နှင့်အညီ ဓာတ်မြေဩဇာ စနစ်တကျ ထည့်သွင်းအသုံးပြုတတ်စေရန် ရည်ရွယ်၍ အရွက်အရောင်တိုင်းကတ်အသုံးပြုပြီး စပါးသီးနှံအာဟာရဓာတ် စီမံခန့်ခွဲမှု တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းစိုက်ကွင်း၌ ကျင်းပသည်။ **(ယာပုံ)**



ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စပါးသီးနှံပန်းတိုင်အထွက် ရရှိရေးအတွက် မြေဩဇာ အသုံးပြုရာတွင် ထည့်သွင်းလိုက်သည့်မြေဩဇာ၌ ပါရှိသည့် အာဟာရဓာတ်များအား စပါးပင်က ကောင်းစွာ စုပ်ယူစားသောက်နိုင်ရန်အတွက် စပါးသီးနှံ အာဟာရဓာတ်ကိုစီမံခန့်ခွဲမှု နည်းပညာသည် လွန်စွာ အရေးကြီးပါကြောင်း၊ အရွက်အရောင်တိုင်းကတ်အသုံးပြု၍ စပါးပင်၏ နိုက်ထရိုဂျင်မြေဩဇာ လိုအပ်ချိန်ကိုသိရှိခြင်းဖြင့် အပင်၏ လိုအပ်ချက်နှင့်အညီ မြေဩဇာအချိန်ကိုက်ထည့်သွင်းခြင်းက အလေအလွင့်နည်းပါး၍ ကုန်ကျစရိတ်ကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်း သက်သာစေကာ တောင်သူများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ကွဲပြားသည့် မြေအမျိုးအစားများတွင် မြေအမျိုးအစားအလိုက် မြေဩဇာ စတင်လိုအပ်သည့် အချိန်ကွာခြားခြင်း၊ ထည့်သွင်းလိုက်သည့် အာဟာရထိန်းသိမ်းနိုင်မှု ကွာခြားခြင်းကို တောင်သူများ စနစ်တကျ သိရှိဆောင်ရွက်နိုင်ရန် ပညာရှင်များက နည်းပညာပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ကျွမ်းကျင်ပညာရှင် ဒေါက်တာခင်ခင်ဝေက အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC) နည်းပညာအသုံးပြု၍ စပါးသီးနှံ၏ လိုအပ်ချက်အလိုက် နိုက်ထရိုဂျင်စီမံခန့်ခွဲမှု၊ အရွက်အရောင်တိုင်းကတ် (Leaf Color Chart; LCC)အသုံးပြု၍ အာဟာရလိုအပ်ချိန် တိုင်းတာရာတွင် လိုအပ်သည့် ပစ္စည်းများ၊ တိုင်းတာရမည့်အချိန်၊ အသုံးပြုပုံနှင့် အသုံးပြုရာတွင် သတိပြုရမည့် အချက်များကို ရှင်းလင်းပြသကြကာ တောင်သူများအား အရွက်အရောင်တိုင်းကတ်အသုံးပြုပုံကို စိုက်ကွင်းအတွင်း လက်တွေ့တိုင်းတာသရုပ်ပြသကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ညွှန်ကြားရေးမှူး၊ နေပြည်တော် ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများနှင့် ပညာပေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အီမာလာဟူ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

အခြား ပွဲစဉ်ရလဒ်များတွင် ဆွစ်ဇာလန်က စလိုဗေးနီးယားကို သုံးဂိုး-ဂိုးမရှိ၊ စကော့တလန်က ဘယ်လာရုစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဒိန်းမတ်က ဂရိကို သုံးဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲကိုယ်စီရရှိခဲ့သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ခွန်းချိုထူးနှင့် မိနစ် ၄၀ တွင် လမင်းပြည့်စုံက သွင်းယူသည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတား ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းအတွက် ဂိုးများကို ၃၊ ၃၇ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ မိနစ် ၂၀ တွင် ဖိုးသောကြာ၊ ၇၉ မိနစ်တွင် ဆုမင်းအောင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဇော်မင်းသန့်က သွင်းယူခဲ့သည်။

**သော်လေး**

**ဓာတ်ပုံ-MNL**

❑ *ကျောဖုံးမှ*

စက်တင်ဘာ ၆ ရက်ပွဲစဉ်များအပြီး တစ်သင်းလျှင် ၁၉ ပွဲစီကစားအပြီးတွင် Winner Soccer အသင်းက ၅၁ မှတ်၊ YRG အသင်းက ၄၈ မှတ်၊ YCDC MHDT အသင်းက ၄၁ မှတ်၊ JV အသင်းနှင့် VUC ULAD အသင်းတို့က ရမှတ် ၃၀ စီ၊ MIU အသင်းက ၂၈ မှတ်၊ Pacific Sun Far အသင်းက ၂၇ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၂၆ မှတ်၊ Royal Noka အသင်းက ၂၂ မှတ်၊ Generations အသင်းက ၁၇ မှတ်၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းမှာမူ အမှတ်လျှော့ခံထားရသဖြင့် - ၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။

**မောင်ညီ၊ ဓာတ်ပုံ-MFF**

## မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် အထက(ရွှေမြယာ) ကျောင်း (ဆ)ခန်းမ၌ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆၄)မှ ဒုတိယရဲမှူးအောင်ဇော်က ကျောင်းသား ကျောင်းသူများအား ခြေလျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ လမ်းဖြတ်ကူးလိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အုပ်စုလိုက်အစုအဝေးဖြင့် လျှောက်လိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းများနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အသိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး



လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အဆိုပါဟောပြောပွဲသို့ အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀ တက်ရောက်ကြောင်း သိရသည်။ **အောင်ဇော်(မှော်ဘီ)**

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်ကိုရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (B) နောက်ဆုံးနေ့ကို စက်တင်ဘာ ၉ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

ပွဲအစပိုင်းတွင် မြန်မာအသင်းက ဖိကစားနိုင်သော်လည်း ၁၀ မိနစ်နောက်ပိုင်းမှ စတင်ကာ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၁၈ မိနစ်တွင် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် မိုဟာမန်ဒီက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် တိုက်စစ်မြင့်လာပြီး မိနစ် ၄၀ တွင် စွမ်းထက်က ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး အာဖဂန်နစ္စတန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၇၀ တွင် ယာဆာဆာဖီက သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အာဖဂန်နစ္စတန်အသင်းက သုံးပွဲကစား သုံးမှတ်၊ မြန်မာအသင်းက သုံးပွဲကစား တစ်မှတ်ရရှိသည်။ **ရဲရင့်လွင်**

# ခိုင်မာသောဖွဲ့စည်းမှု မွန်မြတ်သောတာဝန် မှန်ကန်သောရပ်တည်ချက်တို့ဖြင့်

**နိဒါန်း**

ကျွန်ုပ်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကျင်းပရန် နီးကပ်လာပြီ ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်ပွဲများကို ကြီးကြပ်ရမည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များသည် လာမည့်အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ပေးရမည့် ပုဂ္ဂိုလ်များပင် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ လွှတ်တော်အလိုက် မဲဆန္ဒနယ်မြေများစာရင်းကိုလည်း သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကော်မရှင်ကပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ကြမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲခြင်းတာဝန်များကို ထမ်းဆောင်ကြမည် ဖြစ်ပါသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်းမူဝါဒ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအရ ကော်မရှင်က တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ မြို့နယ်အဆင့်အထိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရသည်။ တတိယအကြိမ် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အနည်းဆုံး သုံးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည် ဖြစ်သည်။ ဤပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းခြင်းမူဝါဒအရ အများယုံကြည်လေးစားခြင်းခံရသူကိုသာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းဖြစ်ပါသည်။ ဒေသအခြေအနေအရ အများယုံကြည်လေးစားခြင်းခံရသူ အခက်အခဲရှိလျှင် သင့်လျော်သော နိုင်ငံ့ဝန်ထမ်းအား ဥက္ကဋ္ဌတာဝန်ပေးအပ်နိုင်ရန် ဥပဒေရေးထုံးကို သင့်လျော်စွာ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိက အတွင်းရေးမှူးတာဝန် ဖြစ်ပါသည်။



ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ခြင်း။

တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ကော်မရှင်၏ မူဝါဒနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရပါသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသူ အနည်းဆုံး သုံးဦးပါဝင်ပြီး သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးက အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ ပြည့်စုံရမည့် အရည်အချင်းသတ်မှတ်ချက် ၈ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ၁၁ ချက်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်လေးချက်တို့ကို ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်။ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူဆောင်ရွက်ရပါသည်။ ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေက ပေးအပ်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ရွေးကောက်ပွဲကို သမာသမတ်ကျစွာဖြင့် လက်တွေ့ကျကျ ကြီးကြပ်ဆောင်ရွက်ရသည့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့များဖြစ်ပါသည်။ ယခုဖွဲ့စည်းတာဝန်ပေးအပ်လိုက်သော ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ တာဝန်ပေးအပ်ခြင်းခံရသူများသည် အာဏာရ ပါတီလောင်းရိပ်မရှိသဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ ကင်းရှင်းပြီး သမာသမတ်ကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်မည့်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များ ဖွဲ့စည်းမှုမတူညီကြပါ။ အခြေခံအားဖြင့် ကော်မရှင် (Commission)၊ ကော်မရှင်နာများ (Commissioners)၊ ရွေးကောက်ပွဲအရာရှိများ (Returning Officers)၊ ရွေးကောက်ပွဲဝန်ထမ်းများ (Electoral Staffs) တို့ကို မဏ္ဍိုင်ပြု၍ ဖွဲ့စည်းလေ့ရှိကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ဖြင့် စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲများကို အများယုံကြည်လေးစားခြင်းခံရသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရွေးကောက်ပွဲအရာရှိတို့ဖြင့် ဖွဲ့စည်းပါသည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း အနှစ်သာရ**

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားခြင်းသည် ဒေသခံမဲဆန္ဒရှင်ပြည်သူများက ယုံကြည်သော၊ ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ သမာသမတ်ကျစွာ ကြီးကြပ်ကျင်းပပေးခြင်း အနှစ်သာရကို ဖော်ဆောင်ထားခြင်း ဖြစ်ပါသည်။ ထို့ပြင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် ရည်ရွယ်ချက်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ဌာနကိုယ်စား တာဝန်ထမ်းဆောင်ရန်နှင့် မိမိကော်မရှင်အဖွဲ့ခွဲအား အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။

ကော်မရှင်ကကြီးကြပ်ရသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းတွင် အများယုံကြည်လေးစားခြင်းခံရသည့်ပုဂ္ဂိုလ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲတာဝန်ကို သမာသမတ်ကျစွာဖြင့် စနစ်တကျတာဝန်ထမ်းဆောင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်း အနှစ်သာရပင်ဖြစ်ပါသည်။

**မဲဆန္ဒရှင်တစ်ဦး**

**ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၈ အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ-

(၁) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊
(၂) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊
(၃) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊
(၄) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊
(၅) ရရှိသည့်ရန်ပုံငွေများကို စနစ်တကျ သုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊
(၆) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊
(၇) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်းခြင်း၊
(၈) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊
(၉) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်း အချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန် စောင့်ထိန်းခြင်း၊
(၁၀) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊
(၁၁) ကော်မရှင်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်းတို့ ဖြစ်ပါသည်။

**ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ အခန်းကဏ္ဍ**

ကော်မရှင်အဖွဲ့ခွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်သည် ရွေးကောက်ပွဲအတွက် နယ်မြေဒေသဆိုင်ရာ အချက်အလက်များ၊ မဲစာရင်းပြုစုရာတွင် အခြေခံရသည့် မြေပြင်လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စရပ်များကို အဓိကပါဝင်ဆောင်ရွက်ရသည်။ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးအဆင့်ဆင့်သည် မဲစာရင်းပြုစုရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းများ၊ နေထိုင်မှု၊ ပြောင်းဝင်/ ပြောင်းထွက်မှုစာရင်းများ မှန်ကန်စွာရရှိရေး၊ မဲဆန္ဒရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ နိုင်ငံသားဖြစ်မှုအခြေအနေများကို ဥပဒေနှင့်အညီ စိစစ်အတည်ပြုပေးရသည့်တာဝန်များကို အဓိကဆောင်ရွက်ရသည်။ အဖွဲ့ဝင်ဥပဒေအရာရှိများကလည်း ကော်မရှင်အဖွဲ့ခွဲအတွက် လိုအပ်သော ဥပဒေရေးရာ အကြံဉာဏ်များကို ပေးအပ်ရသည်။ အဖွဲ့ဝင်ပညာရေးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ

*စာမျက်နှာ ၁၁ သို့*

❖ **ကော်မရှင်အဖွဲ့ခွဲများသည် ဥပဒေကပေးအပ်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ရွေးကောက်ပွဲကို သမာသမတ်ကျစွာဖြင့် လက်တွေ့ကျကျ ကြီးကြပ်ဆောင်ရွက်ရသည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်**

❑ **ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ရည်ရွယ်ချက်မှာလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းတာဝန်များကို ဌာနကိုယ်စား တာဝန်ထမ်းဆောင်ရန်နှင့် မိမိကော်မရှင်အဖွဲ့ခွဲအား အထောက်အကူပြုရန်အတွက်ဖြစ်**

## မဲဆန္ဒရှင်များ မဲပေးစက်ဖြင့် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**မြို့သစ် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်ကျေးရွာမှ မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဥက္ကဋ္ဌ၊ ဦးစီးအရာရှိနှင့် ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မဲပေးစက်ကိုင်နည်းပြများ၊ ဌာနဆိုင်ရာများ၊ ဒန့်ဒလွန်ပင်ကျေးရွာမှ ဒေသခံမဲဆန္ဒရှင်ပြည်သူများ တက်ရောက်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းသော အကြောင်းအရာများ၊ အီလက်ထရောနစ် မဲပေးစက်အသုံးပြု၍မဲပေးခြင်း၏ အားသာချက်များကို ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများက စုပေါင်းစမ်းသပ်မဲပေးခဲ့ကြသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြို့သစ်မြို့နယ်အတွင်းရှိ မဲဆန္ဒနယ်မြေအသီးသီးမှ မဲဆန္ဒရှင် ပြည်သူများကိုလည်း အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း**

## မြင်းခြံမြို့၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်

**မြင်းခြံ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်း (၁/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ကြည်က ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားကာ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ) သင်တန်း (၁/၂၀၂၅)တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ၃၂ ဦး၊ ကျောင်းသူ ၆၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**

## မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းများကို စက်တင်ဘာ ၈ ရက်က ဆင်တိုင်းကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်က မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာပြည်သူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့စမ်းသပ် ဆောင်ရွက်ကြသည်။ အဆိုပါ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးပွဲသို့ ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးနိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆင်တိုင်းကန်ကျေးရွာ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်းများ ခန့်အပ်ထားသည်ဖြစ်ရာ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအဖြစ် ပညာရေးဝန်ထမ်းများကို ဦးစားပေး၍ တာဝန်ပေးအပ်ရသည်။ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဌာနနှင့် စိုက်ပျိုးရေးဌာနတို့ကလည်း ပညာရေးဌာနနည်းတူ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ ဝန်ထမ်းများ ခန့်အပ်ထားသဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် အဆိုပါဝန်ထမ်းများကို တာဝန်ပေးအပ်ရပါသည်။ အဖွဲ့ဝင် စာရင်းစစ်အရာရှိ အဆင့်ဆင့်သည် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် နိုင်ငံရေးပါတီများ၏ ပါတီပိုင်ပစ္စည်းနှင့် ရန်ပုံငွေစာရင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းများကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ စာရင်းကျွမ်းကျင်သူများဖြင့် စိစစ်ပေးရသည်။ စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ အဖွဲ့ဝင်သည် မြို့ပြစည်ပင်သာယာနယ်နိမိတ်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း စနစ်တကျဖြစ်စေရန် ကော်မရှင်အဖွဲ့ခွဲကို အထောက်အကူပြုပေးရသည်။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းတို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အဖွဲ့ဝင်က ကူညီဆောင်ရွက်ပေးရသည်။

ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဌာနဆိုင်ရာအရာထမ်းများသည် ရွေးကောက်ပွဲနှင့် ဆက်စပ်သော မိခင်ဌာန၏ လုပ်ငန်းတာဝန်အပြင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲက ပေးအပ်သည့်တာဝန်များကိုလည်း ထမ်းဆောင်ရန်တာဝန်ရှိပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို အဖွဲ့စနစ်ဖြင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရသော အဖွဲ့အစည်းများ ဖြစ်ပါသည်။ ကော်မရှင်အဖွဲ့ခွဲများတွင် အဓိကဦးဆောင်ပုဂ္ဂိုလ်များမှာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရသူ ပွဲကိုင်ရှင်မှာ ရွေးကောက်ပွဲအရာရှိ/ အတွင်းရေးမှူးများပင် ဖြစ်သည်။ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာ ဦးစီးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသော ရွေးကောက်ပွဲဝန်ထမ်းများသည်လည်း ကော်မရှင်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂၂ နှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၄ တို့အရ ကော်မရှင်သည် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်အလို့ငှာ လိုအပ်မည့် အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်နိုင်ပါသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့၏ ပင်မတာဝန်အပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ပေးရသော ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးကိစ္စရပ်များသည်လည်း မဖြစ်မနေ လိုအပ်ပါသည်။

### ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ အခန်းကဏ္ဍ

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်မှ မြို့နယ်အဆင့်ထိ ဖွဲ့စည်းမှုသည် ခိုင်မာပြီး စွမ်းဆောင်ရည်ရှိသော ကော်မရှင်အဖွဲ့ခွဲများအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင်မူ အများယုံကြည်လေးစားခြင်းခံရသည့် ပုဂ္ဂိုလ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး (ရပ်ကွက်/ကျေးရွာအုပ်စုစာရေး) တို့ဖြင့်သာ ဖွဲ့စည်းနိုင်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စိစစ်ခြင်း၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်မြေပြင်တွင် အနီးကပ်ထိတွေ့ဆက်ဆံရသူများဖြစ်ခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းတို့ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရသူများ ဖြစ်ပါသည်။ သို့ဖြစ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အတွေ့အကြုံရင့်ကျက်မှုနှင့် ဥပဒေလုပ်ထုံးလုပ်နည်း နားလည်ကျွမ်းကျင်မှုတို့ လွန်စွာအရေးကြီးသည်ဖြစ်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးရမည် ဖြစ်ပါသည်။

### မဲရုံအဖွဲ့များ၏ အခန်းကဏ္ဍ

ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ရုံ၏ ရည်မှန်းချက် အောင်မြင်ပြီးမြောက်မှုသည် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပါသည်။ မဲရုံများကို သတ်မှတ်ချက်နှင့်အညီ ခင်းကျင်းပြင်ဆင်ခြင်း၊ MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း ငြိမ်ဝပ်ပိပြားမှုရှိစေရန် ကြီးကြပ်ခြင်း၊ မဲဆန္ဒရှင်များ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအတွင်းစီမံခန့်ခွဲခြင်း၊ မဲရုံအတွင်း မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် စောင့်ကြည့်လေ့လာသူများအား စနစ်တကျ နေရာချထားခြင်း၊ မဲရုံနှင့် မဲရုံပရိဝုဏ်အတွင်း အငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ မဲရုံအလိုက် ဆန္ဒမဲများ တွက်ချက်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ်တွင် ခိုင်လုံမဲ သို့မဟုတ် ပယ်မဲသတ်မှတ်ခြင်း၊ မဲရုံ၏ ဆန္ဒမဲရလဒ်စာရင်းများ ပြုစုခြင်းနှင့် ဆန္ဒမဲရလဒ်စာရင်းများ ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲဥပဒေက မဲရုံမှူးသို့ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖြစ်ပါသည်။

မဲရုံမှူး၏ ကြီးကြပ်မှုဖြင့် ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက သတ်မှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ကြရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွပ်ကဲရန် သင့်လျော်သောဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေးအစီအစဉ်အတိုင်း ခန့်အပ်ရသည်။ မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ဒေသခံပြည်သူများဖြင့်လည်း သတ်မှတ်ဦးရေအတွင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဖြစ်ရာ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးကြီးလှပေသည်။

### ရွေးကောက်ပွဲတာဝန်ရှိသူတို့ လက်ကိုင်ပြုရမည့် အချက် ၆ ချက်

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲ ဝန်ထမ်းများနှင့် မဲရုံဝန်ထမ်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသည့် ရွေးကောက်ပွဲတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် မွန်မြတ်သော တာဝန်ထမ်းဆောင်မှုဖြစ်ပြီး တာဝန်လည်းကြီးပါသည်။ ရွေးကောက်ပွဲကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရသူများအနေဖြင့် (၁) ဥပဒေနှင့် နည်းဥပဒေ (၂) လုပ်ငန်းလမ်းညွှန် (၃) အမိန့်နှင့် ညွှန်ကြားချက် (၄) လုပ်ငန်းကျွမ်းကျင်မှု (၅) သမာသမတ်ကျမှု (၆) ကျင့်ဝတ်စောင့်ထိန်းမှု ဤအချက် ၆ ချက်ကို မယိမ်းမယိုင်လက်ကိုင်ပြု၍ သမာသမတ်ကျပြီး ဥပဒေနှင့်ညီညွတ်သော ရွေးကောက်ပွဲများအတွက် မှန်ကန်စွာ ရပ်တည်ဆောင်ရွက်ကြမည်ဖြစ်သည်။

### နိဂုံး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြီးကြပ်မှုဖြင့် လွတ်လပ်မျှတပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များအနေဖြင့် ခိုင်မာသောဖွဲ့စည်းမှု၊ မွန်မြတ်သောတာဝန်၊ မှန်ကန်သောရပ်တည်ချက်တို့ဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ဦးဆောင်ပုဂ္ဂိုလ်များဖြစ်ကြသော အများယုံကြည်လေးစားခြင်းခံရသူ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ပညာရှင်ပီသသော ရပ်တည်မှု၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၏ တာဝန်ကျေပွန်မှု၊ ရွေးကောက်ပွဲအရာရှိ/အတွင်းရေးမှူးများ၏ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ကော်မရှင်ဝန်ထမ်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှု အခန်းကဏ္ဍအရေးကြီးပုံကို နိုင်ငံ့ဝန်ထမ်းမဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်- ၂၀၂၅ သို့တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့၏အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

## နယ်ပယ်ကဏ္ဍပေါင်းစုံတွင် လူငယ်များဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပုံဖော်ပေးသည့် မျိုးဆက်သစ်များဖြစ်ပေါ်စေရေး အားလုံးပူးပေါင်း

**မော်လမြိုင် စက်တင်ဘာ ၉**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ သို့ တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို လူငယ်များသိရှိအောင် ပြန်လည်မျှဝေပေးသည့် အနှစ်သာရပြည့်စုံကောင်းမွန်သည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူ၊ ငြိမ်းချမ်းရေးနှင့် စွန့်ဦးတီထွင်သူများဖြစ်သည့်အတွက် နယ်ပယ်စုံကဏ္ဍပေါင်းစုံတွင် လူငယ်များဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပုံဖော်ပေးသည့် မျိုးဆက်သစ်များဖြစ်ပေါ်စေရေး အားလုံးပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လူငယ်ဖိုရမ်အထိမ်း အမှတ်တံဆိပ်အပ်နှင်းပြီး(ယာပုံ) လူငယ်ဖိုရမ်မှတ်တမ်းဗီဒီယိုပြသကာ လူငယ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် ကိုယ်စားလှယ်များက ခရီးစဉ်အတွေ့အကြုံများနှင့် လူငယ်မဟာဗျူဟာဖိုရမ်မှ ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြပြီး အနာဂတ်တည်ဆောက်မည့် ခေတ်သစ်မျိုးဆက်များအတွက် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ကြေညာစာတမ်းကို ဖတ်ကြားကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ကိုလံဘီယာနိုင်ငံ ရီယိုအာချာမြို့၌ ကျင်းပသည့် ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်၏ (၁၅)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘီယာနိုင်ငံ ရီယိုအာချာမြို့၌ စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်၏ (၁၅)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ (15th Summit of the Global Forum on Migration and Development)သို့ တက်ရောက်ခဲ့သည်။(ယာပုံ)



ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ ပထမနေ့တွင် ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ "Striking a New Deal on Pathways: Aligning Priorities for Countries of Destination and Origin" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းသို့လည်းကောင်း၊ Durable Solutions to Internal Displacement ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းသို့လည်းကောင်း တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲဖိုရမ်၏ ဒုတိယနေ့တွင် "Care work in migration, recognition, advocacy and progress on the global and regional migration" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းကိုလည်းကောင်း၊ “Restoration of Rights as the Cornerstone for a Dignified Return” ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းကိုလည်းကောင်း တက်ရောက်ခဲ့သည်။ ဖိုရမ်တတိယနေ့တွင် Future of the Forum ကိုလည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို လည်းကောင်း တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားသို့ ကိုလံဘီယာသမ္မတ H.E. Mr. Gustavo Petro နှင့် နိုင်ငံခြားရေးဝန်ကြီး Mrs. Rosa Yolanda Villavicencio Mapy တို့က တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး နိုင်ငံပေါင်း ၆၉ နိုင်ငံမှ ကိုယ်စားလှယ်များ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လေ့လာသူများ ၇၃ ဖွဲ့ စုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲအား ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး အပြုသဘောဆောင်သော မူဝါဒဆွေးနွေးပွဲများကို အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ပြစ်သစ်နိုင်ငံ ပါရီမြို့၌ ရပ်နားစဉ် ဒုတိယဝန်ကြီးသည် ပါရီမြို့ရှိ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပလျက်ရှိသည့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့၏ (၆၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

ယူဂန်ဒါနိုင်ငံ ရှေ့နေချုပ် Mr. Kiryowa Kiwanuka ၏ ဖိတ်ကြားချက်အရ ယူဂန်ဒါနိုင်ငံ၊ ကမ်ပါလာမြို့၌ စက်တင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (Asian-African Legal Consultative Organization-AALCO)၏ (၆၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်လျက်ရှိသည်။**(အပေါ်ယာပုံ)**



နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲတွင် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေ အတွင်းရေးမှူးချုပ် H.E Dr. Kamalinne Pinitpu-badol၊ ယူဂန်ဒါနိုင်ငံ လွှတ်တော်နာယက Ms. Anita Annet Among၊ ယူဂန်ဒါနိုင်ငံ တရားရေးဝန်ကြီး Mr. Norbert Mao နှင့် ယူဂန်ဒါနိုင်ငံ ရှေ့နေချုပ် Mr. Kiryowa Kiwanuka တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO)၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံးက တင်သွင်းသော ၂၀၂၆ ခုနှစ်အတွက် ဘတ်ဂျက်စာရင်းကို အတည်ပြုခြင်း၊ အစည်းအဝေးဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်း၊ အထွေထွေအတွင်းရေးမှူးချုပ်အား ပြန်လည်ခန့်အပ်ခြင်း၊ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO)၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဂျာနယ် ထုတ်ဝေခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံများက အတည်ပြုဆောင်ရွက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Convention against Corruption – UNCAC) ကို လက်မှတ်ရေးထိုးပြီး ပြည်တွင်းဥပဒေမူဘောင်၊ စည်းမျဉ်းစည်းကမ်းများချမှတ်၍ အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ အာကာသပိုင်နက်နှင့် စပ်လျဉ်း၍ အာကာသသည် လူသားတိုင်းနှင့် သက်ဆိုင်ပြီး နိုင်ငံများ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးမှုအဆင့်အပေါ် မသတ်မှတ်ဘဲ လူသားအားလုံး တန်းတူညီမျှ ရရှိပိုင်ဆိုင်ခွင့်ရှိစေရမည်ဟူသော မူဝါဒကို မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးလျက် ရှိပါကြောင်း။

အာကာသ အသုံးပြုခြင်းကို တန်းတူညီမျှမှု ဖြစ်စေရေးအတွက် နည်းပညာများ မျှဝေခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာအောင် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို နိုင်ငံများက ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ကာလတွင် ဆိုက်ဘာမှုခင်းများ၏ အန္တရာယ်ကို နိုင်ငံတိုင်းက ရင်ဆိုင်ရလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဆိုက်ဘာလုံခြုံရေး ဥပဒေအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် အာဏာတည်၍ ဆိုက်ဘာလုံခြုံရေးနှင့်အင်တာနက် အသုံးပြုခြင်း ကိစ္စများတွင် တရားမဝင် ဆောင်ရွက်ချက်များအပေါ် ဖော်ထုတ်အရေးယူရန် ဆောင်ရွက်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) တွင် စဉ်ဆက်မပြတ် တက်ကြွစွာပါဝင်ခဲ့ပြီး ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် နှစ်ပတ်လည်အစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့က အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် (International Law Commission-ILC) မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပင်လယ်ပြင်ဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်




**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော်၊ ရတနာစေတီဆင်များရှင် စေတီတော်နှင့် မဟာစေတီတော်ကြီးများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ(ယာပုံ) တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဌာနအလိုက် စစ်ကိုင်းခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အဆိုပါ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည့် စစ်ကိုင်းမြို့ ရောဝတီတံတားနှင့် (ရတနာပုံ) ကံတလူဂိတ်တို့ရှိတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောဝတီတံတားနှင့် (ရတနာပုံ) ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာ အက(ကျား)နှင့်၁၅-၂၀ အက(ကျား) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများနှင့် ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်ကြီးများအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အဆင့်မြင့်ပညာ အက(မ)နှင့် ၁၀-၁၅ အက(မ)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိမန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များ၊ ပြိုင်ပွဲဝင် ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက အစဉ်ထာဝရ မြင့်မားနေစေရန်၊ ရိုးရာဓလေ့ထုံးစံ အမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်၊ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန်ထက်မြက်နေစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုး ထိန်းသိမ်းလိုသည့်စိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲအတွက် အရည်အချင်းပြည့်ဝသူ အနုပညာရှင်များကို တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် သမာသမတ်ကျစွာဖြင့် ရွေးချယ်ပေးသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်နှင့် တာန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဆို၊ အက၊ အရေး၊ အတီး ဂုဏ်ပြုတေးဖြင့် ဖျော်ဖြေတင်ဆက်မှု၊ ပဉ္စဂီတယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှု၊ အိုးစည်အဖွဲ့လိုက် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနား ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယိမ်းအကအဖွဲ့များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၉**

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ရုပ်သေးအကဖြင့် ဖျော်ဖြေခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြင်ပမီဒီယာအဖွဲ့များမှ ကိုယ်စားလှယ်များက မန္တလေးငလျင်ကြီးတွင် ပထမဆုံးရောက်ရှိခဲ့သော ယူနန်ပြည်နယ် ကယ်ဆယ်ရေးအဖွဲ့အပါအဝင် တရုတ်ကယ်ဆယ်ရေးအဖွဲ့များ၏ ကူညီကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် တရုတ် - မြန်မာချစ်ကြည်ရေး ပိုမိုခိုင်မြဲစေခဲ့မှုတို့နှင့် စပ်လျဉ်းသည့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်များနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ လက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသခြင်း ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

# လူသားများ အင်္ဂါဂြိုဟ်ပေါ်ရှာဖွေရာတွင် အထောက်အကူပြုရန် ပုံစံတူလေ့ကျင့်မှုများ စမ်းသပ်ပြုလုပ်

**ဝါရှင်တန် စက်တင်ဘာ ၉**

အနာဂတ်ကာလ လူသားများအင်္ဂါဂြိုဟ်ပေါ်ရှာဖွေရာတွင်အထောက်အကူပြုရန် ပုံစံတူလေ့ကျင့်မှု တစ်စိတ်တစ်ဒေသအနေဖြင့် စေတနာ့ဝန်ထမ်း လေးဦးသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်ရှိ နာဆာ၏ ဂျွန်ဆင်အာကာသစခန်းရှိ သုံးဖက်မြင်ရုပ်ကြွနေအိမ်ပုံစံထဲ၌ တစ်နှစ်တာနေထိုင်သွားမည်ဖြစ်ကြောင်း နာဆာက စက်တင်ဘာ ၈ ရက်တွင် ပြောကြားလိုက်သည်။

ရော့စ်အယ်လ်ဒါ၊ အယ်လန်အဲလစ်၊ မက်သရူး မွန်ဂိုမာရီနှင့် ဂျိမ်းစပိုင်ဆာတို့သည် စတုရန်းပေ ၁၇၀၀ (စတုရန်းမီတာ ၁၅၈) ရှိကာ မားစ်ဒွန်းအယ်လ်ဖာဟု အမည်ပေးထားသော သုံးဖက်မြင်ရုပ်ကြွနေအိမ်ပုံစံထဲတွင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှစပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်ပြီးဆုံးမည့် ၎င်းတို့၏ ၃၇၈ ရက်တာကာလကို ဖြတ်သန်းကုန်ဆုံးသွားမည်ဖြစ်သည်။

ပုံစံတူ လေ့ကျင့်မှုများဖြင့် စမ်းသပ်လုပ်ဆောင်နေစဉ်အတွင်း ၎င်းတို့လေးဦးသည် သဘာဝအရင်းအမြစ် ကန့်သတ်ချက်များကြုံတွေ့ခြင်း၊ စနစ်ချွတ်ယွင်းခြင်း၊ ဆက်သွယ်မှုနှောင့်နှေးကြန့်ကြာခြင်း၊ သီးခြားရပ်တည်နေထိုင်ခြင်း၊ ကန့်သတ်ချုပ်ချယ်ထားခြင်း၊ ပြင်းထန်မှုမြင့်မားသော လှုပ်ရှားမှုများကို ပုံဖော်ထားသည့်လှုပ်ရှားမှုများ ရင်ဆိုင်ကြုံတွေ့ခြင်း အစရှိသည့် ခက်ခဲကြမ်းတမ်းမှုမြောက်မြားစွာနှင့် စိန်ခေါ်မှုပေါင်းမြောက်မြားစွာကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်များသည် နာဆာမှ အန္တရာယ်များကို အကဲဖြတ်ရန်နှင့် ရေရှည်အာကာသစူးစမ်းလေ့လာခြင်းအတွက် မဟာဗျူဟာများဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် ကူညီပေးနိုင်ရန် ပုံဖော်ထားခြင်းဖြစ်သည်။

အဆိုပါစမ်းသပ်လုပ်ဆောင်မှုသည် ပါဝင်သူများသည် အင်္ဂါဂြိုဟ်ပေါ်တွင်လမ်းလျှောက်သကဲ့သို့ တုပလုပ်ဆောင်ခြင်း၊ ဟင်းသီးဟင်းရွက်ဥယျာဉ်စိုက်ပျိုးခြင်း၊ စက်ပိုင်းဆိုင်ရာလည်ပတ်မှုများ လုပ်ဆောင်ခြင်း၊ အင်္ဂါဂြိုဟ်အတွက်သင့်တော်မည့် နည်းပညာများစမ်းသပ်ခြင်းများ ကဲ့သို့သော သိပ္ပံနည်းကျလေ့လာမှုများကို လုပ်ဆောင်ရမည်ဖြစ်သည့်အပြင် သောက်သုံးနိုင်သော ရေသန့်စက်ငယ်ယူဆောင်နိုင်ခြင်းနှင့် ရောဂါရှာဖွေရေး ဆေးဘက်ဆိုင်ရာပစ္စည်းများသယ်ဆောင်နိုင်ခြင်းတို့ကဲ့သို့သော အာကာသစူးစမ်းလေ့လာမှုများကိုလည်း နက်နက်နဲနဲ လုပ်ဆောင်သွားမည်ဟု ဆိုသည်။



ဆင်ဟွာ

# မက္ကဆီကိုနိုင်ငံအလယ်ပိုင်း၌ ကုန်ရထားနှင့် ဘတ်စ်ကားတိုက်မိ ၁၀ ဦးသေဆုံး ၄၀ ကျော် ထိခိုက်ဒဏ်ရာရ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၉**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း လမ်းဆုံတစ်နေရာ၌ ကုန်ရထားနှင့် နှစ်ထပ်ဘတ်စ်ကား တစ်စီးတို့ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်မှာ မက္ကဆီကိုနိုင်ငံ မြို့တော်မက္ကဆီကိုစီးတီး၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၃၀ ခန့်အကွာ အတ်လာကူမူလ်ကိုဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် လူပေါင်း ၁၀ ဦး သေဆုံးပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ရပ်သံဖိုင်၌ ရထားလမ်းကူးတွင် ရပ်တန့်နေသော ဘတ်စ်ကားကို ကုန်ရထားက ဝင်တိုက်မိခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ရထားလမ်းဖြတ်ကူးသည့်နေရာတွင် အတားအဆီးအဟန့်အတားများမရှိကြောင်း၊ ဘတ်စ်ကားယာဉ်မောင်းသည် သတိပေးအသံများကို လျစ်လျူရှုကာ ရထားလမ်းကို ဖြတ်မောင်းရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ဒေသမီဒီယာများက ကိုးကားဖော်ပြထားသည်။

မက္ကဆီကို အာဏာပိုင်များက အခင်းဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




# အိန္ဒိယဥပဒေပြုလွှတ်တော်အမတ်များ ဒုတိယသမ္မတသစ်ကို မဲပေးရွေးချယ်

**နယူးဒေလီ စက်တင်ဘာ ၉**

အိန္ဒိယ ဥပဒေပြုလွှတ်တော် အမတ်များသည် ဒုတိယသမ္မတကို ရွေးကောက်တင်မြှောက်ရန် စက်တင်ဘာ ၉ ရက်က မဲစတင်ပေးခဲ့သည်ဟု အရာရှိတစ်ဦးက ပြောသည်။

မဲပေးခြင်းကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိပြုလုပ်ခဲ့သည်။

မဲရေတွက်ခြင်းကို ဒေသစံတော်ချိန် ညနေ ၆ နာရီနောက်ပိုင်းတွင် ပြုလုပ်မည်ဖြစ်ပြီး မဲရလဒ်ကို ညပိုင်း၌ သိရမည်ဟု မျှော်လင့်ရသည်။

ယခင်ဒုတိယသမ္မတ ချာဒီးပ်ဒန်ကာ ကျန်းမာရေးကြောင့် ဇူလိုင်လတွင် ရာထူးမှ ရုတ်တရက်နုတ်ထွက်ပြီးနောက် ရွေးကောက်ပွဲပြုလုပ်ရန် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

၎င်း၏ ဒုတိယသမ္မတ သက်တမ်းသည် ၂၀၂၇ ခုနှစ် ဩဂုတ်လတွင် ကုန်ဆုံးမည်ဖြစ်သည်။

အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်အဖြစ် လူသိများသော အာဏာရမဟာမိတ်ပါတီ ဘာရတီယာဂျာနာတာပါတီသည် နိုင်ငံအနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး စီပီရာဒါခရစ်ရှ်နန်ကို ၎င်းတို့၏ ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည်။ ၎င်းသည် အတိုက်အခံကွန်ဂရက်ပါတီ ဦးဆောင်သည့် အိန္ဒိယအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံမဟာမိတ်အဖွဲ့၏ ဒုတိယသမ္မတလောင်း ယခင်တရားရုံးချုပ် တရားသူကြီး ဘီဆူဒါရှန်ရက်ဒ်ဒီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယသမ္မတကို အိန္ဒိယလွှတ်တော်နှစ်ရပ်လုံး (အောက်လွှတ်တော် လော့ခ်ဆာဘာနှင့် အထက်လွှတ်တော်ရာဂျာဆာဘာ) မှ အဖွဲ့ဝင်များပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့က မဲပေးရွေးချယ်ရမည်ဖြစ်သည်။

လက်ရှိတွင် အိန္ဒိယအောက်လွှတ်တော်တွင် လွှတ်တော်အမတ် ၅၄၂ ဦးရှိပြီး အထက်လွှတ်တော်တွင် လွှတ်တော်အမတ် ၂၃၉ ဦးရှိသည့်အတွက် လွှတ်တော်နှစ်ရပ်ပေါင်း ၇၈၁ ဦးရှိသည်။ ရွေးကောက်ပွဲအနိုင်ရရှိရန် မဲအရေအတွက် ၃၉၁ မဲရရှိရမည်ဖြစ်သည်။

ဆင်ဟွာ

# ဆီးရီးယားနိုင်ငံတစ်ဝန်း လူပေါင်း ၁၆ ဒသမ ၅ သန်း အကူအညီများ အရေးပေါ်လိုအပ်

**ဒမတ်စကတ် စက်တင်ဘာ ၉**

ဆီးရီးယားနိုင်ငံတစ်ဝန်း လူပေါင်း ၁၆ ဒသမ ၅ သန်းခန့် အကူအညီများ အရေးပေါ်လိုအပ်လျက်ရှိကြောင်း ဆီးရီးယားနိုင်ငံရှိ ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးက စက်တင်ဘာ ၉ ရက်က ပြောကြားလိုက်သည်။

ရန်ပုံငွေ ထောက်ပံ့မှုများ ဆိုးရွားစွာ ပြတ်တောက်နေချိန်တွင် ရွှေ့ပြောင်းအခြေချနေထိုင်သူနှင့် နေရပ်ပြန်နေထိုင်သူ သန်းချီသည် အခြေအနေဆိုးများနှင့် ကြုံတွေ့နေကြောင်း ၎င်းက ထပ်မံသတိပေးထားသည်။

ဆီးရီးယား နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အဒမ်အက်ဘ်ဒဲလ်မိုလာက နေရပ်ပြန် ၂ ဒသမ ၅ သန်း အိမ်ခြေရာမဲ့ဖြစ်မှုနှင့်အတူ ကြောက်မက်ဖွယ် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ပြောကြားခဲ့သည်။

ဆီးရီးယား ရွှေ့ပြောင်းအခြေချ နေထိုင်မှုပြဿနာအကျပ်အတည်းသည် ဆိုးရွားလျက်ရှိပြီး လူပေါင်း ၆ သန်းခန့်သည် ယခုအချိန်အထိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုများ ပြုလုပ်လျက်ရှိကာ နောက်ထပ် ၆ သန်းသည် နိုင်ငံရပ်ခြားတွင် ဒုက္ခသည်များအဖြစ် နေထိုင်လျက်ရှိသည်ဟု ၎င်းက ပြောသည်။

မကြာသေးမီနှစ်များအတွင်း ဆီးရီးယားရှိ အိုးအိမ် လေးပုံတစ်ပုံခန့် ပျက်စီးခဲ့သည်။ ဆီးရီးယားတွင် အကျပ်အတည်းပဋိပက္ခများရှိသော်လည်း ၂၀၂၅ ဆီးရီးယား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်တွင် တောင်းဆိုထားသည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ၏ ၁၄ ရာခိုင်နှုန်းသာ ရရှိထားကြောင်း အဒမ်အက်ဘ်ဒဲလ်မိုလာက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဆင်ဟွာ

# ဆူဒန်နိုင်ငံအနောက်ပိုင်း မြေပြိုကျမှုကြောင့် လူပေါင်း ၃၇၅ ဦး သေဆုံး

**ခါတွန် စက်တင်ဘာ ၉**

ဆူဒန်နိုင်ငံအနောက်ပိုင်း ဂျက်ဘဲမာရာဒေသမှ ဝေးလံခေါင်သီသော ကျေးရွာတစ်ရွာတွင် ဩဂုတ်လနှောင်းပိုင်းက မြေပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူပေါင်း ၃၇၅ ဦး သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ) က စက်တင်ဘာ ၈ ရက်တွင် ပြောသည်။

ယူအင်န်အက်ဖ်ပီအေက ၎င်း၏ တရားဝင်ဖေ့ဘွတ်စ်စာမျက်နှာတွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အရ အဆိုပါဖြစ်ရပ်ကြောင့် အခြားလူပေါင်း ၁၅၀ မှာလည်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ)၏ စက်တင်ဘာ ၈ ရက် နောက်ဆုံးထုတ်ပြန်ချက်တွင် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် မြေပြိုကျမှုဖြစ်ပွားသည့် တားစင်ကျေးရွာမှ လူပေါင်း ၁၀၀၀ ကျော်ကို အသက်ကယ်အကူအညီများ ပေးအပ်ခဲ့ပြီး လိုအပ်ချက်များကိုလည်း ဆန်းစစ်အကဲဖြတ်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ



# ပြည်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

ပြည် စက်တင်ဘာ ၉

ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို ပြည်မြို့နယ်အတွင်း အခွန်ထမ်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီး ဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောဥမ္မာက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများအပါအဝင် အခွန်ထမ်းပြည်သူများ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်) လုံခြုံရေးတပ်ဖွဲ့ခွဲ ရဲမှူးဝင်းဇော်ဟန် ဦးစီးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက်က မင်္ဂလာဒုံမြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ အောင်ချမ်းသာစေတီတော်ရင်ပြင်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ မြန်မာ့အလင်း

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) အရ ပြစ်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့သူတစ်ဦးကို ပြစ်မှုထင်ရှားသဖြင့် တောင်ကြီးမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



အေးသာယာနယ်မြေရဲစခန်း(ပ) ၉၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ (က) အမှုမှ တရားခံ နေသွေး၏ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁)နေ နေသွေး (၃၆)နှစ် (ဘ) ဦးအောင်ခင်သည် ၎င်းအသုံးပြုသည့် "Lashio Baegyi" Face-book Account လူမှုကွန်ရက် စာမျက်နှာပေါ်တွင် "မဲပေးဖို့ချည်း ဖွတ်ပြောပြီ၊ မင်းတို့က ဘာကောင်တွေလဲ၊ ... သေချာကြည့် ပြည်သူဆီက မဲလိုချင်ရင် ပြည်သူကို ဘယ်လိုအကျိုးပြုရမလဲစဉ်းစား၊ အလကားနေ ဘာမှ ... မရှိဘဲ ပြည်သူဆီကပဲ လိုချင်ရင်တော့..." စသည့် စာသားများကို ဖြန့်ဝေကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ပြုလုပ်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တောင်ကြီးမြို့နယ် အေးသာယာနယ်မြေရဲစခန်း (ပ)၉၉/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုရေးဖွင့်စစ်ဆေး၍ တောင်ကြီးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၇၁၄/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် တရားခံ နေသွေးကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၀ ကို ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်၌ လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၀၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၄၀၁ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၈၃၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၁စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအနီး၌ တရားမဝင် ရေနံစိမ်းဂါလန် ၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၅၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ် စမ်းချောင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ငါးလုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၀၀၀** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဟသ်ာတမြို့နယ်၊ ငပုတောမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၄ တန်၊ သစ်မာ ၈ ဒသမ ၂၆၁ တန်၊ အခြားသစ် ၅ ဒသမ ၇၉၁ တန် စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၉၀၅၅** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၄၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၆ ရက်၊ စက်တင်ဘာ ၄ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၈၆၄၃၅)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မင်းဘူး(စကု)မြို့နယ်ရှိ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဧရိယာတွင် မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေများ ပေးဝေ

**မင်းဘူး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာ၌ စိုက်ပျိုးရေများပေးဝေလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ဖြင့် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌(၂၁၃) ကီလိုဝပ်ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်၍ ရာသီအလိုက် သီးနှံစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများပေးဝေလျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းစီမံကိန်းဧရိယာ၌ အကျိုးပြု စိစစ်ဧရိယာ ဧကပေါင်း ၇၅၇ ဧကရှိသည့်အနက် ယနေ့အထိ မိုးစပါးကို ရေသောက်စနစ်ဖြင့်ပေးဝေ၍မရသော ကုန်းမြင့်ယာမြေများတွင် မိုဘိုင်း ဆိုလာဖြင့် စိုက်ပျိုးရေပေးဝေကာ မိုးစပါး ၁၅ ဧက နှင့် ရေသောက်စနစ် အတွင်း မိုးစပါးဧက ၄၃၀ စုစုပေါင်း မိုးစပါး ဧကပေါင်း ၄၄၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့အပြင် အခြားသီးနှံများဖြစ်သော နှမ်းဧက



၁၉၀၊ မြေပဲ ၅၇ ဧက၊ ပဲစင်းငုံ ၂၇ ဧကနှင့် ပဲတီစိမ်း ၅၃ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါသီးနှံစိုက် တောင်သူများအတွက် စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဇလွန်မြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြော

**ဇလွန် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဗီဒီယို ရှင်းလင်းပြသခြင်းနှင့် အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက(၂) ဇလွန်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သန်းနုက အမှာစကား ပြောကြားပြီး လျှန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး Video အား ပြသ၍ အမျိုးသမီးရေးရာအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများကို ဆွေးနွေးသည်။



ထို့နောက် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့မိုးက သက်ငယ်မုဒိမ်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သန်းနုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**

## ကန်ကြီးထောင့်မြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ကန်ကြီးထောင့် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်



မွေးဝမ်းကျောင်းအထောက်အကူပြု တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အနောက်စုကြီးကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်က အမှာစကားပြောကြားပြီး ပုသိမ်အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအေးမင်းထွန်းက သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသား ၂၀ တို့အား တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းနှင့် ပတ်သက်၍ စာတွေ့ လက်တွေ့ပို့ချပေးသွားမည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

## ကန့်ဘလူမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေးသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၉**

ကန့်ဘလူမြို့နယ်၌ စက်မှုလုပ်ငန်းရှင်များ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပြန့်ပွားရေးသင်တန်းကို စက်တင်ဘာ ၈ ရက်နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးက အသိပညာပြန့်ပွားရေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်သင်ကြားပို့ချသည်။ အဆိုပါသင်တန်းသို့ ကန့်ဘလူမြို့ပေါ်ရှိ စက်မှုလုပ်ငန်းရှင် ၂၀ ခန့် တက်ရောက်ပြီး သင်တန်းကာလသုံးရက်တာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့မှ သက်ဆိုင်ရာ



ဘာသာရပ်များအလိုက် ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တံတားမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တံတား စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို တံတားမြို့အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**လှိုင်သူဇာ(ပြန်/ဆက်)**



## မင်္ဂလာဒုံမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**မင်္ဂလာဒုံ စက်တင်ဘာ ၉**

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ပြိုင်ပွဲများ ဆောင်ရွက်ရာတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ "ဆရာ့ဂုဏ်ရည်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မြတ်ဆရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန့်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ကဗျာပြိုင်ပွဲကို ကျင်းပရာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ "ပညာပြည့်ဝနှလုံးလှ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ "ထာဝရအလင်းရှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## မန္တလေး Sky Villa Condo ပြိုကျမှုတွင် အသက်ဆုံးရှုံးခဲ့ရသော မိသားစုများအား ကရုဏာကြေးပေးအပ်

**မန္တလေး စက်တင်ဘာ ၉**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် Sky Villa Condo ပြိုကျမှု၌ အသက်ဆုံးရှုံးခဲ့ရသော မိသားစုများအား ကရုဏာကြေးပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ရှိ မုန်တိုင်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး NTL ဆောက်လုပ်ရေးကုမ္ပဏီမှ MD ဦးနိုင်ထွန်းလင်း၏ဇနီးက Sky Villa ပြိုကျမှုနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာခဲ့မှုများအပေါ် ဝမ်းနည်းတောင်းပန်စကားပြောကြားသည်။

ထို့နောက် အသက်ဆုံးရှုံးခဲ့ရသော နိုင်ငံခြားသားများအတွက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကရုဏာကြေးပေးအပ်ပြီး အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား တာဝန်ရှိသူများနှင့် NTL ဆောက်လုပ်ရေးကုမ္ပဏီ MD ၏ဇနီးတို့က ကရုဏာကြေးများပေးအပ်ကြသည်။ မန္တလေးမြေငလျင်ကြီးကြောင့် Sky Villa Condo ပြိုကျမှုတွင် အသက်ဆုံးရှုံးခဲ့ရသူ စုစုပေါင်း ၂၀၅ ဦးရှိရာ ယနေ့ ပထမအသုတ်အဖြစ် ၇၂ ဦးအတွက် တစ်ဦးလျှင် သိန်းတစ်ရာနှုန်းဖြင့် သိန်းခုနစ်ထောင့်နှစ်ရာကို NTL ဆောက်လုပ်ရေးကုမ္ပဏီက ကရုဏာကြေးအဖြစ်ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

## အလုံမြို့နယ်၌ စနစ်မှန်သွားတိုက်နည်း သရုပ်ပြသင်ကြား



**အလုံ စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကွန်စတန် ဦးဆောင်သော အနောက်ပိုင်းခရိုင် ဆေးရုံကြီးနှင့် သာကေတ သွားနှင့်ခံတွင်းအထူးကုဆေးရုံမှ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ (သွားကျန်းမာ) ဒေါက်တာမေသီရိနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အလုံမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ စနစ်မှန် သွားတိုက်နည်းသရုပ်ပြ သင်ကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁၁)နှင့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား စနစ်မှန်သွားတိုက်နည်း အကြောင်း ဟောပြောခြင်းနှင့် သရုပ်ပြသင်ကြားပေးခဲ့ပြီး (After Lunch Toothbrushing Activity) စနစ်မှန် သွားတိုက်နည်းကို ကျောင်းသား ကျောင်းသူများနှင့်အတူ ဒေါက်တာကွန်စတန်က လက်တွေ့ သင်ကြားပြသခဲ့သည်။

ထို့ပြင် သွားနှင့်ခံတွင်းရောဂါများအား စစ်ဆေးပေးခြင်း၊ ကျောင်းကျန်းမာရေး စစ်ဆေးခြင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် မုန့်ဈေးတန်း သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း ဖြစ်သည့် ပိုးလောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ယောရော(ပြန်/ဆက်)**

## ဟိုင်းကြီးကျွန်းမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ဟိုင်းကြီးကျွန်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ခဲပန်းချီနှင့် ပေးစာပြိုင်ပွဲများကို ယမန်နေ့က အထကဟိုင်းကြီး အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အထကဟိုင်းကြီး အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ထက်၊ လယ်၊ မူ အဆင့်အလိုက် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ခဲပန်းချီနှင့် ပေးစာပြိုင်ပွဲများကျင်းပပေးခဲ့ပြီး ထူးချွန်လက်ရာများကို ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာနိုင်စေရန် ခင်းကျင်းပြသထားကြောင်း သိရသည်။



**လှိုင်မျိုးအောင် (ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ သစ်တောမြေပြင်ပ သစ်တောသစ်ပင်များ၏အရေးပါမှု အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောင်းကုန်း စက်တင်ဘာ ၉**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ သစ်တောမြေပြင်ပ သစ်တောသစ်ပင်များ၏အရေးပါမှု အသိပညာပေးဟောပြောပွဲကို ကျောင်းအိုင်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ဧကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင်ထူးနိုင်က သစ်တောများအကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေ၊ သစ်တောပြုန်းတီးမှုကို ဖြစ်စေသည့် အကြောင်းအရာများ၊ သစ်တောမြေပြင်ပ သစ်ပင်များမှ ပေးစွမ်းသည့် အကျိုးကျေးဇူးများ၊ သစ်တောဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် သစ်တောမြေပြင်ပသစ်ပင်များကို ထိန်းသိမ်းကာကွယ်ရန် လုပ်ဆောင်ရမည့် အကြောင်းအရာများအား အသိပညာပေး ဟောပြောခဲ့ပြီး သစ်တောနှင့် ရာသီဥတုပြောင်းလဲမှု တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့် စာစီစာကုံးဆုရကျောင်းသူ ကျောင်းသားများအား ဆုလက်ဆောင်များ ပေးအပ်သည်။



အဆိုပါ ဟောပြောပွဲသို့ ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သစ်တောဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်နေရာသို့သွားရောက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးသည့် သစ်မျိုးများအကြောင်း ရှင်းလင်းပြောကြားခြင်း၊ သိရှိလိုသည်များကို ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဖြေကြားပေးခြင်းနှင့် အမှတ်တရပျိုးပင်များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေထုတ်ချေး

**နတ်မောက် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အင်းကုန်းကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေးခြင်းကို ယမန်နေ့က ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက အင်းကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နေသူ အသင်းသား အသင်းသူ ၂၀၀ အား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်မတည်ရန်ပုံငွေကျပ်သန်း ၅၀ ဒသမ ၀၀ ကို သက်သာသော အတိုးနှုန်းဖြင့် တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မူမူစန်း**



## မြို့နယ်များ၌ လူငယ်စကားဝိုင်း၊ လူငယ်ရေးရာဟောပြောပွဲနှင့် ကလေးစာဖတ်ဝိုင်းများ ဆောင်ရွက်



**မြန်အောင်**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အထက(၁) မြန်အောင်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ရီဝင်းမာနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းတို့က ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဦးစီးအရာရှိ ဦးဇော်မင်းထွန်း ဦးဆောင်၍ အထက(၁)မြန်အောင် Grade 10 မှ လူငယ်နှင့်ပညာ၊ လူငယ်နှင့်မူးယစ်ဆေး၊ Grade 11 မှ လူငယ်နှင့်စည်းကမ်း၊ Grade 10 မှ လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြရာ တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**



**ငဖဲ**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ကျောင်းပြင်ပ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ကလေးစာဖတ်ဝိုင်းကို ယနေ့နံနက် ၉ နာရီက ကုန်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ ငဖဲမြို့နယ် ကုန်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဆန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကလေးကြိုက်ရုပ်ပြများ၊ ပုံပြင်စာအုပ်များ၊ တိုင်းရင်းသားရိုးရာပုံပြင်များ၊ တေဇရုပ်ပြစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်း ဆောင်ရွက်ကာ ပြသထားရှိသော လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**မယု(ငဖဲ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၅

ဒေါ်ကြင်ကြင်ဦး နှင့် ဦးစိုးမြင့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၆၈-၆၉ လမ်းကြား၊ ၁၂၀ လမ်း၊ အကွက် (အ-၂၁)နေ ဦးစိုးမြင့် (ဘ)ဦးကိုကိုလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ကြင်ကြင်ဦးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၇)၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာ (၂၀x၆၀)ပေ မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၂ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်မည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး (၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ဒေဝဒဟ(၁၀)လမ်း၊ တိုက်အမှတ်(၈၄၆/က)၊ မြေပေအကျယ်(၂၀x၆၀) ပေရှိ မြေပေါ်တွင်ဆောက်လုပ်နေသော(၁)ခန်းတည်း(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ကန်ထရိုက်တာများဖြစ်သော ဦးချိုတူး(၁၂/လမန(နိုင်)၁၂၈၅၀၁)နှင့် ဦးကျော်ဇေယျာထွန်း(၁၂/တမန(နိုင်)၁၀၉၉၄၈) တို့ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်(၃-လွှာ)၊ အကျယ်အဝန်း(၁၈x၅၄)ပေ၊ အမြင့်(၉)ပေရှိသော တိုက်ခန်းတစ်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ကန်ထရိုက်တာများမှ မိမိတို့၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းများအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် A-9၊ ဦးပိုင်အမှတ် ၁၂/၂၇x၂၉လမ်းကြား၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဇော်အောင် ၉/ခအဇ(နိုင်)၀၁၇၉၅၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၇၊ ဦးပိုင်အမှတ် ၄၃/၇၄x၇၅ကြား၊ ၃၂x၃၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဇာဇာထွန်း ၉/အမရ(နိုင်)၀၈၈၃၄၅ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၈၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော် ၉/မမန(နိုင်) ၀၁၅၁၇၄၊ ဦးဇော်မျိုး ၁၂/မဂတ(နိုင်)၀၈၁၃၇၀တို့က ဘိုးဘစာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၇၊ ဦးပိုင်အမှတ် ၄၁/ ၇၄x၇၅ကြား/ ၃၂x ၃၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဇာဇာထွန်း ၉/အမရ(နိုင်)၀၈၈၃၄၅ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၈၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော် ၉/မမန(နိုင်)၀၁၅၁၇၄၊ ဦးဇော်မျိုး ၁၂/မဂတ(နိုင်)၀၈၁၃၇၀တို့က ဘိုးဘ စာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၄

ဒေါ်ရွှေသန်းလေး နှင့် ဦးစိုးမြင့်
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၆၈-၆၉ လမ်းကြား၊ ၁၂၀ လမ်း၊ အကွက် (အ-၂၁)နေ ဦးစိုးမြင့် (ဘ)ဦးကိုကိုလင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရွှေသန်းလေးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၇)၊ ဦးပိုင်အမှတ် (၃၄)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ (၂၀x၆၀)ပေ မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၂ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်မည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး (၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက (စက်၊ စိုက်၊မွေး) ဂုန်နီကျောင်း၊ G-12 (STEAMS-2) မှ မဆောင်းနှင်းအေး (ကျောင်းဝင်အမှတ် - ၄၉၆၉) ၏ ဖခင်အမည်မှန်မှာ ဦးအုန်းကြည် (ကွယ်လွန်) ဖြစ်ပါကြောင်း။

ဦးအုန်းကြည်

## All In One စာအုပ်ပျောက်

ကျွန်တော် မောင်အောင်သူသူဦး ၁၂/ဗဟန(နိုင်)၁၀၉၆၃၄ ၏ All In One စာအုပ်နံပါတ် DKP 114821 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၅၄၈၄၀၅၄၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ ကျွန်စစ်သားလမ်းမြေကွက်အမှတ်(၁၉၅၃/က)၊ (၂၀x၆၀) ပေ၊ (၀ဒသမ၀၂၇၅)ဧက၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြမြယု ၁/မညန(နိုင်)၀၇၀၂၇၄အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ဒေါ်မြမြယုမှ ဦးမောင်ဇော်သို့ တရားဝင် လွှဲအပ်ပေးထားသော အထူးကိုယ်စားလှယ်လွှဲစာ(SP)မူရင်းတို့နှင့်အတူ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်လင်း ၁၂/ဗတထ(နိုင်) ၀၃၅၃၈၈မှ ဦးမောင်ဇော် ၁၄/ဓနဖ(နိုင်)၁၀၂၄၄၅အား ၎င်း၏ကိုယ်စား တာဝန်ယူရောင်းချခွင့်ပြုထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသည့်အတွက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူများဖြစ်သော ဦးအောင်ကျော်မျိုးနှင့် ဒေါ်အိအိသွယ်တို့၏**
**လွှဲအပ်ညွှန် ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၉၇၇၄၅၈၅၂၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၃၃)၊ ဦးပိုင်အမှတ် (၂၆)၊ ၅၅x၅၆ ကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စမ်းစမ်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၁၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယဉ်မေ ၉/မရတ(နိုင်)၁၀၆၃၅၅က အမှုတွဲအမှတ် (၂၄၁၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၇)၊ ဦးပိုင်အမှတ်(၈၂-က)၊ ၄၃လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်စိုးမိ ၏ (SP ရရှိသူ ဒေါ်နန်းမြင့်မြင့်အေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၉၈/၂၀၂၅)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ချုံစေး ၁၃/လရန(နိုင်)၁၆၆၃၄၇က အမှုတွဲအမှတ်(၂၄၁၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


ညအိပ်ထွက်ရန် အဆင်မပြေသူများ၊
အချိန်ပြည့်အားမထုတ်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း
မရသေးသူများ၊ အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံ
ရလိုသူများအတွက် အထူးရည်ရွယ်ဖွင့်လှစ်သော
**လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်**
မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတပည့်ကမ္မဋ္ဌာနာစရိယများပြသပေးသော
**လယ်တီ-နေ့(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း**
ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ ပခုက္ကူဓမ္မာရုံမှာ လစဉ် အင်္ဂလိပ်(၁၅)ရက်မှ (၂၄)ရက်ထိ
နေ့လယ် (၁၂း၃၀) မှ (၄း၃၀) နာရီအတွင်း လာရောက်နာယူအားထုတ်နိုင်ပါသည်။
ဆက်သွယ်ရန်-ဆရာဦးစိုးနိုင်(လယ်တီကမ္မဋ္ဌာနာစရိယ) ၀၉-၂၅၈၉၁၄၄၁၃


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ်-(၆၀)ဟုခေါ်တွင်သော (၃)ခန်းတွဲ (၈)လွှာ၊ RC တိုက်မှ မြေညီထပ် A နှင့် B တိုက်ခန်း (၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်သူများ ဖြစ်သော ဒေါ်ဥမ္မာထွန်း (၁၂/ပဘတ (နိုင်) ၀၁၁၃၈၈) နှင့် ဒေါ်သဲသဲဇော်ဝင်း (၁၂/ပဘတ (နိုင်) ၀၃၂၀၀၅)တို့မှ အဆိုပါတိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစိတ်တဒေသကို စရံငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်အောင် ဒေါ်စပါယ် (LL.B)
(၁၂/မရက (နိုင်) ၁၁၀၂၂၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
၏လွှဲအပ်ညွှန်ကြားချက်အရ - အမှတ်-၂၆၀၊ တတိယထပ်၊
အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၉၅၂၈၅၅၃၄ ၊ ၀၉ ၉၇၁၅၅၂၇၇၈

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ခ-၆)၊ ဦးပိုင်အမှတ် (၁၁)၊ ၄၁လမ်း၊ ၆၇x၆၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးဟန်ထွန်း၊ ဦးမျိုးဆွေထွန်းတို့၏ (GP ရရှိသူ ဦးမျိုးကျော်ထွန်းက ၎င်းကိုယ်တိုင်နှင့်အတူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၅၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်ဇင်ဖြိုး ၉/ခမစ(နိုင်)၀၃၉၄၆၄၊ ဒေါ်မြတ်ဖူးဇော် ၉/ခမစ(နိုင်)၀၃၀၂၁၉တို့က အမှုတွဲအမှတ် (၂၄၁၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၆၉/၁)၊ ဦးပိုင်အမှတ် (၁-ဃ)၊ ၃၆လမ်း၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်း ၅/စကန(နိုင်)၀၈၆၈၅၄က အမှုတွဲအမှတ် (၂၄၁၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၆၅/၁)၊ ဦးပိုင်အမှတ်(၄)၊ ၃၇လမ်း၊ ၅၂x၅၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယီဖုန်း ၁၃/နခန(နိုင်)၀၃၃၇၀၂၏ (GP ရရှိသူ ဦးမောင်ဝူး) က အမှုတွဲအမှတ်(၂၄၀၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်အမှတ် (၁-က)၊ ၆၈လမ်းနှင့် ၄၂လမ်းထောင့်ရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မိမိကြွယ်၏(SP ရရှိသူ ဒေါ်ခင်အေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၇၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြတ်နိုးဦး ၉/မဟမ(နိုင်)၀၅၆၃၄၁၊ ဒေါ်နှင်းထက်ထက်ဦး ၉/မဟမ(နိုင်)၀၅၈၆၀၁၊ ဦးသန်းနိုင်ဦး ၉/မဟမ(နိုင်)၀၈၃၀၇၉တို့က အမှုတွဲအမှတ် (၂၄၂၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(ခွဲ) လ-၁၇ ကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ Grade-4 တွင် ပညာသင်ကြားနေသော မောင်စောအောင်သူရ ၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းအောင် (၉/ပကခ(နိုင်)၀၀၇၉၆၄) ဖြစ်ပါကြောင်း။

ဦးကျော်ထွန်းအောင်

## အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၆၀၄၆ ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ် ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/7609, Luojia-110 , M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒီမိုအောင် ၉/ပသက(နိုင်) ၁၁၂၁၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/69688, Thai Anbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောပြုံးဦး ၉/အမရ(နိုင်) ၁၁၅၀၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/34908,Zeniz (ADX5) (212S) ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဦး ၉/မရတ(နိုင်) ၀၁၂၀၀၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/50403, Honda Click- 125ယာဉ်လက်ဝယ်ရှိသူ ဦးဝါဆိုမိုး ၅/ကသန(နိုင်) ၁၄၈၇၁၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အထက (ယိုးဒယားတက်)မှ အလယ်တန်းပြ ဦးအာမန်း(ခ)ဦးထွန်းနိုင်ဦး ၁၄/ရကန(နိုင်)၁၁၂၈၁၄ သည် တစ်ဦးတည်း ဖြစ်ပါသည်။

**ဦးအာမန်း(ခ)ဦးထွန်းနိုင်ဦး**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ လှပခြင်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာနေ (ဘ) ဦးထွန်းမြင့် ၇/နတလ(နိုင်)၀၂၇၀၇၂၏ သမီးဖြစ်သူ ဒေါ်နီလာထွန်း ၇/နတလ(နိုင်)၀၉၉၉၁၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၈၁ ဖြစ်ပါကြောင်း။

**ဒေါ်နီလာထွန်း**

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အထက (၁)ကျောင်း၊ Grade 12 (B) မှ မောင်ဇော်ဖြိုးနိုင်၏ မိဘအမည်မှန်မှာ ဦးမောင်ယော ၅/ဟမလ(နိုင်)၀၆၈၁၇၀ နှင့် ဒေါ်မြကြည် ၅/ဟမလ(နိုင်) ၀၃၁၂၅၃ ဖြစ်ပါကြောင်း။

**ဦးမောင်ယော-ဒေါ်မြကြည်**

## ဖြည့်စွက်ဖတ်ရှုပါရန်

၂၂-၇-၂၀၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၆)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေကွက်အမှတ် (ပ-၂၂၁၅၃)၊ မြေဧရိယာအကျယ် (၀ဒသမ ၁၁၀)ကေကို အမည်ပေါက် ဦးဇော်ဝင်းထွဋ်(ဘ)ဦးသန်းဆွေ ၁၂/ဥကတ(နိုင်)၀၃၁၃၀၈ (ကွယ်လွန်)ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေဆိုင်း (၃၅၀၀) ကပ်လှူနိုင်ရေးနှင့် ထီးတော်ရွှေမိုက်ချွတ်လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့်တင်ဒါစည်းကမ်းများကို ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ထံမှ ရယူနိုင်ပါသည်။

(၁) တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက် - ၉-၉-၂၀၂၅ရက်

(၂) တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၁၅-၉-၂၀၂၅ရက်၊ (၁၆:၀၀)နာရီ

**ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး**
**ဖုန်း- ၀၉-၇၇၁၆၃၆၈၉၂**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၇
## ကွယ်လွန်သူ ဒေါ်ပဲ ၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ခင်ဖြူဖြူ — လျှောက်ထားသူ

အမှတ်(၁၂)၊ မြဝတီလမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့နယ်နေ ဒေါ်ခင်ဖြူဖြူက ကွယ်လွန်သူ ဒေါ်ပဲ၏ တူမဖြစ်သည်ဟူ၍အမှတ်(၁၂)၊ မြဝတီလမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့နယ်နေ ၎င်းကွယ်လွန်သူ ဒေါ်ပဲ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ပဲ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၃ရက်(၁၃၈၇ခု၊ သီတင်းကျွတ်လဆန်း ၂ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင်လျှောက်သူ ဒေါ်ခင်ဖြူဖြူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**တွံတေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ချမ်းမြေ့သာယာ(၄)လမ်း၊ မြေကွက်အမှတ်(၂၀၇)၊ အိမ်အမှတ်(၁၂)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ဒုတိယလွှာ)၊ (ခြေရင်းခြမ်း)၊ အလျား x အနံ (၁၇x၅၄)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလပိုင်ဆိုင်သူ ကန်ထရိုက်တာ **ဦးကျော်ကျော်သိန်း** (၁၂/မဂတ(နိုင်)၁၁၄၃၅၁)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးထွန်းသောင်း** (၁၂/အစန(နိုင်)၀၇၂၃၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးခွန်ကျော်သန်း** (၁၃/တကန(နိုင်)၀၀၀၀၈၀)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** — **ဒေါ်ယမင်းထွေး(LL.B)** — **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** — **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)**

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ဇေယျာသီရိလမ်း၊ မြေကွက်အမှတ်(၇၈၁)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံကတိပြုသူ **ဦးချစ်ခိုင်ထွန်း** (၁၂/ဗတထ(နိုင်)၀၀၁၈၀၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးဟွာကြည်ယုံ** (၁၃/လရန(နိုင်)၁၃၁၈၈၆)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** — **ဒေါ်ယမင်းထွေး(LL.B)** — **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** — **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)**

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၂၀၆၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးကျော်ငွေအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသိန်းဇော်လင်း(၁၂/ရကန(နိုင်)၁၁၅၂၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန်(LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၂၃၅)၊ အနော်မာ(၆)လမ်းအနောက်၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးနိုင်စိုး၊ ဆုမွန်ဦး | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အက်ဖ်-၉၇ | ၀.၀၅၅ | အသစ် |
| ၂ | ဦးမြင့်စိုး | ရွှေသောင်ယံ | သဲကုန်း | ၁၉၈၇/ဝက်သေ | ၆၅/၃၊ ၆၉/၂၊ ၇၀/၁ | ၅.၇၈၀ | စက်မှု/စီးပွား |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မြောင်းမြခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် – ၁၇နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီ မှုအမှတ် – ၁၉ ။

ဦးလှမွေး — နှင့် — ၁။ ဦးကြည်စိုး ၂။ ဒေါ်ခြိမ့်သဲဝင်း

ဒီကရီအနိုင်ရသူ — တရားရုံးများ

၁။ ဦးကြည်စိုး (ဘ)ဦးကံဝင်း
၂။ ဒေါ်ခြိမ့်သဲဝင်း(ဘ)ဦးလှဝင်း — (၁၂)လမ်း၊ အထက်ပိုင်းရပ်ကွက်၊ အိမ်မဲမြို့ ၊ ရေဝတီတိုင်းဒေသကြီး
(အတူနေလင်မယား)
(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၇တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးလှမွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**ခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ် အထက(ခွဲ) ရွှောက်ကုန်းကျောင်း၊ G-12အတန်းမှ မသင်းစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြိုင် ၉/တကန(နိုင်)၁၃၄၆၁၁ ဖြစ်ပါကြောင်း။

**မသင်းစန္ဒာဦး**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမနီရမ်း၏သား ကျွန်တော် ရိုမာနတ်(၉/မကန(နိုင်) ၀၈၁၄၈၁)၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၆၇၀၁၂၁၂**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအားရှင်၏သမီး ကျွန်မ မချစ်ဖွေးစင် (၁၃/မပတ(နိုင်) ၀၄၈၄၄၁)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၈၉၅၅၉၂**

## ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ ငြိမ်းချမ်းရေးကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ မမြတ်နိုးကြည်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဦး ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးဦး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/8755 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် Star City၊ City Loft Condo၊ တိုက်အမှတ်(CL 6)၊ အခန်းအမှတ် (၇၀၂)၊ (၇)လွှာ၊ အခန်းအမျိုးအစား (အိပ်ခန်း ၂ ခန်း)၊ အကျယ်အဝန်းဧရိယာ (၇၁၀)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင် ဖြစ်သူ ဦးစိုးထွန်း ၃/ဘအန(နိုင်)၀၀၈၀၃၆ ထံမှ အပြီးအပြတ် ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်လားလ်နွန်ငှတ်အီး ၅/ကလထ (နိုင်)၁၆၃၅၇၂ က စရန်ငွေ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လို့ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လားလ်နွန်ငှတ်အီး**
**၅/ကလထ(နိုင်)၁၆၃၅၇၂**
**ဖုန်း - ၀၉-၂၅၆၁၈၉၉၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်တေဇလမ်း (ဒုတိယလမ်း)၊ အကွက်အမှတ်-၁/မြောက်ပိုင်း၊ ဦးပိုင်အမှတ်-၁၅၉၊ အကျယ်အဝန်း(၅၀'x၃၀')ဧရိယာ(၀.၀၃၅)ကေရှိ ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ဒုတိယလမ်းနှင့် အမှတ်(၃)ဖြတ်လမ်း ထောင့်ဘက်ခြမ်း) အကျယ်အဝန်း(၂၅'x၃၀') ဧရိယာ (၀.၀၁၇၅)ကေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ(၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဘိုကလေးမြို့၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် ဂရန်အမည်ပေါက်သူ ဦးပွ-ဒေါ်သိန်းထံမှ ဒေါ်ကြွယ်က " ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ကြွယ်ကွယ်လွန်သဖြင့် ၎င်း၏အမွေစားအမွေခံသား သမီးများဖြစ်ကြသော ဦးကျော်ငွေ(၁၄/ဘကလ(နိုင်)၂၇၂၇၅၇)၊ ဦးကျော်စိန်(၁၄/မမက(နိုင်)၂၁၁၄၂၅)၊ ဒေါ်တင်တင်ယု (၁/မကတ(နိုင်)၀၇၅၇၆၆)၊ ဒေါ်တင်မွေး(၉/မရမ(နိုင်)၀၀၉၃၁၈)၊ ဦးဇော်မင်းဦး(၁၄/ဘကလ(နိုင်)၀၀၉၈၄၉)တို့ထံမှ ဖော်ပြပါ မြေကွက်နှင့်နေအိမ်ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းနွယ်(၁၄/ဘကလ(နိုင်)၃၁၂၃၆၇)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)**
**ရုံး - အခန်း(၂၇)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကိုလျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၄၈

ဒေါက်တာခင်ခင်စီ (၎င်းကိုယ်တိုင် ၂ လျှောက်ထားသူ၏ အခွင့်ရကိုယ်စားလှယ်) ပါ-၂ — နှင့် —
၁။ ဒေါ်ခင်ဝင်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်ကြည်)
၂။ ဦးလှထွန်း (၁၂ လျှောက်ထား ခံရသူများ ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ညွှန့်ညွန့်ရီ တရားဝင်ကိုယ်စားလှယ်များ)
၃။ ဒေါ်ခင်ခင်မြင့်(ကွယ်လွန်သူ ဦးလှဇော်စိုး၏ တရားဝင် ကိုယ်စားလှယ်)
၄။ မကေသီစိုး
၅။ မနှင်းဝေစိုး
၆။ ဦးဝင်းငြိမ်း
၇။ ဦးငြိမ်း
၈။ ဦးအောင်နိုင်မောင်မောင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဝင်းပပ )
၉။ ဒေါ်သိန်းလှမြင့်
၁၀။ ဦးအောင်မြင့်စိုး

လျှောက်ထားသူများ — လျှောက်ထားခံရသူများ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၈၆/၂၀၂၃ ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကို ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက် A -၃ မကြီးကြီးလမ်း၊ အမှတ်-မ/၂၀-၂၂ C နေ လျှောက်ထားခံရသူ အမှတ်(၃) ဒေါ်ခင်ခင်မြင့် (ကွယ်လွန်သူဦးလှဇော်စိုး၏ တရားဝင်ကိုယ်စားလှယ်) (၄) မကေသီစိုး (၅) မနှင်းဝေစိုး (ယခုလိပ်စာမသိသူများ) တို့ သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးအောင်ချိုက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၃၀ရက်(၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ) ရက် နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## မွေးသက္ကရာဇ်အမှန်

ယင်းမာပင်မြို့နယ်၊ (ဂ) တိုးချဲ့ရပ်ကွက်နေ ဦးလှစိန်၏ သမီး ဒေါ်ခင်ထွေးရီ ၅/ယမပ(နိုင်)၀၂၇၃၃၆၏ မွေးသက္ကရာဇ်အမှန်မှာ (၁၀-၆-၁၉၇၅) ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်နေ ဦးမန်းသောင်း၏သား မောင်ဖြိုးမောင်မောင် ၅/မရန(နိုင်) ၂၉၈၄၉၆ ၏ နိုင်ငံကူးလက်မှတ် MJ-590991 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၁၀၉၉၉၀၄**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ အထက(၁) Grade- 8 မှ ဦးသန်းမြင့်စိုး ၅/ကဘလ(နိုင်) ၁၅၁၆၉၈၏သမီး မမေသူချမ်းမြေ့၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၉-၂၀၁၀)ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကျွန်းလှမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ အလက ကျောင်း Grade-9 မှ ဦးနိုင် ၅/ကလန(နိုင်) ၀၄၆၂၂၃၏ သမီး မမေမြတ်ဖြိုးအား မတင်မိုးထွေးဟု ပြောင်းလဲခေါ်ပါရန်။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ (၁) ကွက်၊ စမ်းသီတာလမ်း၊ အိမ်အမှတ်(၁၅၅)နေ ကျွန်တော် ဦးဘဆွေ ၉/မမန(နိုင်) ၀၂၂၈၄၆သည် (၁၄-၉-၂၀၂၁)ရက်တွင် မြန်မာ့အလင်းသတင်းစာ၌ စာမျက်နှာ (၂၈)တွင် သမီးဖြစ်သူ မအေးမွန်အောင်၉/ပဥလ(နိုင်)၀၁၇၃၅၂အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အား ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအချိန်တွင် သမီးဖြစ်သူ မအေးမွန်အောင်မှာ ၎င်း၏အမှားများအား သိရှိပြီး ပြန်လည်ပြုပြင်၍ ဖခင်၏ ဆိုဆုံးမမှုအား နာခံပါမည်ဟု လာရောက်ဝန်ခံတောင်းပန်သည့်အတွက် (၁၄-၉-၂၀၂၁)ရက်တွင် ကြေညာခဲ့သည့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘဆွေ**
**၉/မမန(နိုင်)၀၂၂၈၄၆**

## ဈေးဆိုင်ခန်းစာအုပ်ပျောက်ပြန်လည်လျှောက်ထားခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့မဈေးမှ ဈေးဆိုင်ခန်း စာအုပ်ပျောက်ပြန်လည် လျှောက်ထားခြင်း အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီစာအုပ်ပျောက်ပြန်လည် လျှောက်ထားခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၈၁-၂၁၂၁၂၀၃၊ ၀၈၁-၂၁၂၂၇၄၁ သို့ ဆက်သွယ်စုံစမ်းကန့်ကွက်နိုင်ပါသည်။

**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန**

| စဉ် | ဈေးအမည် | ဈေးရုံ အမှတ် | ဆိုင်ခန်း အမှတ် | မူလဆိုင်ခန်း ပိုင်ရှင်အမည် | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|---|
| ၁။ | မြို့မဈေး | G | ၂၅ | ဦးကျော်စိုး | ၁၃/တကန (နိုင်)၀၈၄၂၅၁ |
| ၂ | ။ | G | ၃၂ | ဦးရာဇာတ် | ၁၃/တကန (နိုင်)၀၁၃၃၇၈ |
| ၃။ | ။ | G | ၈၂ | ဒေါ်ကြည်ကြည် | ၁၃/တကန (နိုင်)၀၈၄၂၅၀ |
| ၄။ | ။ | I | ၉၂ | ဒေါ်ရန်လင်မေ | ၁၃/လလန (နိုင်)၀၄၁၇၆၀ |
| ၅။ | ။ | J | ၅၇ | ဒေါ်တင်အေး | ၁၃/တကန (နိုင်)၁၅၇၄၀၂ |

## ငွေးချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄

ဒေါ်နီနီ နှင့် ဦးအောင်မောင်း
တရားလို တရားပြိုင်

အိမ်အမှတ်(၁၃၀)၊ ကျောက်တလုံးလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးအောင်မောင်း (ယခုနေ ရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်နီနီက အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်လိုက်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငွေးချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၂၀

ဦးဇော်လတ် နှင့် ဦးထွန်းရင်တော
(တရားလို) (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၁၂)ရပ်ကွက်၊ ကံ့ကော်လမ်းနေ ဦးထွန်းရင်တော (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုဦးဇော်လတ်က "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်(၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေးချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (ခွဲ)ထိန်ပင်ကျောင်း၊ Grade-11မှ မအေးသန္တာထွေး နှင့် Grade-7 မှ မမိုးပြည့်သူတို့၏ မိခင်အမည်မှန်မှာ ဒေါ်ဆင်သားမနီ ၁၀/သထန(နိုင်)၂၁၅၀၀၉ ဖြစ်ပါကြောင်း။

**ဒေါ်ဆင်သားမနီ**

## ဖခင်အမည်မှန်

သာကေတမြို့နယ်၊ အ-ထ-က (၁) G-12 တွင် ပညာသင်ကြားနေသော ကိုဖြိုးမောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းညွန့်(၁၂/ပဇတ(နိုင်)၀၀၆၃၂၄) ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/6495၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(သာယာဝတီ)**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ SYS - ။ ကိုယ်ပိုင်ထက်ဆင့်သင်ကျောင်း Grade 11 တန်းမှ မောင်နေမင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ( ၈-၉-၂၀၀၇ ) အမှန်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်း ဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက ချောင်းကောက် Grade-11 STEAMS-2 မှ မသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးပြုံးမောင် ၈/ဆပဝ (နိုင်) ၀၈၂၆၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(ခွဲ)ရှောက်ကုန်းကျောင်း G-12မှ မောင်သွင်ထူးစံ၏ ဖခင်အမည်မှန်မှာ ဦးကြိုင် ၉/တကန(နိုင်) ၁၄၈၄၇၂ ဖြစ်ပါကြောင်း။

**မောင်သွင်ထူးစံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် ၊ ကျွဲပွဲမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဗျတ်ကလေး ကျေးရွာနေ လက်ရွေးစင်ကိုယ်ပိုင်အထက်တန်းကျောင်းရှိ Grade -12 ကျောင်းသူ မမေမြတ်သော်၏ ဖခင်အမည် ဦးသန့်ဇော်ဦး (ခ)ဦးသန်းဇော်ဦး ၇/အတန(နိုင်)၀၇၆၀၀၆မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးသန့်ဇော်ဦး (ခ)ဦးသန်းဇော်ဦး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3A/9072 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## ဖခင်အမည်မှန်

မကွေးတိုင်း ဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက ချောင်းကောက် Grade-10 STEAMS-2 မှ မဆောင်းဝေနှင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/ဆပဝ(နိုင်) ၀၇၁၇၇၀ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်း ဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက ချောင်းကောက် Grade(12) STEAMS-2 မှ မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ညွှန့် ၈/ဆပဝ(နိုင်)၀၃၇၉၇၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၃၂၅)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်အေးမြင့်မှ ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မှုမရှိပါက ဒေါ်အေးမြင့် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ် (၆၁)၊ မြေအကျယ်အဝန်း (၄၀ x ၆၀) ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်ခင်ကြွေ အမည်ဖြင့် မှတ်သားရှိသော မြေချပါမစ်မူရင်း မြေကွက်ဖြစ်ပြီး အမည်ပေါက်ထံမှ မြေချပါမစ်မူရင်း၊ နှစ်ဦးသဘောတူစာချုပ် အဆက်စပ်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းမြင့် (၁၂/မဂဒ(နိုင်)၀၇၈၃၉၃) မှ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်း လာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိရန် ကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားအချက်အရ**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ် - ၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ မြေညီထပ်၊ အမှတ်(၇၁-အေ) ခေတ္တ (စင်ကာပူ) နိုင်ငံတွင် ရောက်ရှိနေထိုင်သူ ဦးဉာဏ်လင်းဇော် (၁၄/မမန(နိုင်)၀၀၁၁၄၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ဦးဉာဏ်လင်းဇော်နှင့် ဒေါ်စိုးစိုးဟန် (၁၂/လမန (နိုင်)၀၄၅၁၅၅) တို့သည် (၂၅-၁၂-၂၀၀၃)ရက်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သား(၁)ဦး မွေးဖွားခဲ့ပါသည်။ (၂၅-၆-၂၀၁၇)ရက်မှစ၍အကြင်လင်မယားအဖြစ်အတူတကွ ပေါင်းသင်းနေထိုင်ကြခြင်းမရှိတော့ဘဲ ခွဲခွာနေထိုင်ခဲ့ပြီး ဒေါ်စိုးစိုးဟန်မှာ အခြားသောအမျိုးသားတစ်ဦးနှင့် လူမှုရေးဖောက်ပြန်မှုများ ကျူးလွန်လျက်ရှိသောကြောင့် ဦးဉာဏ်လင်းဇော်မှ ကွာရှင်းခွင့် တောင်းရာတွင် ဒေါ်စိုးစိုးဟန်မှကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးပေးမည်ဟုဆိုကာ ထိုအမျိုးသားနှင့်တိမ်းရှောင်ထွက်ပြေးသွားပါသဖြင့် ဒေါ်စိုးစိုးဟန်အား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ဒေါ်စိုးစိုးဟန်နှင့် အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေး ကိုယ်တာကိစ္စအဝဝတို့ကိုဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဉာဏ်လင်းဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉ - ၄၂၀၀၄၇၅၅၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၈၁-ခ/ရေငယ်တောင်)၊ ဦးပိုင်အမှတ်(၇၇)၊ မြေဧရိယာ(၅)ဧကထဲမှ အကျယ်အဝန်း အရှေ့ (၆၀) ပေ၊ အနောက်(၆၀)ပေ၊ တောင်(၄၀)ပေ၊မြောက်(၄၀)ပေ၊ အကွက်အမှတ်(A-3) ( လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးနန်းအောင်၅/ဒပယ(နိုင်)၀၈၇၇၇၃ထံမှ ဦးစိုင်းကျော်မြင့် ၉/အမဇ(နိုင်)၀၁၁၇၀၇၊ ဒေါ်အေးအေးခိုင် ၉/မနမ(နိုင်)၁၂၀၀၇၇ က (အရပ် ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုင်းကျော်မြင့်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၉/အမဇ(နိုင်) ၀၁၁၇၀၇** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်အေးအေးခိုင်** | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |
| **၉/မနမ(နိုင်)၁၂၀၀၇၇** | |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရေ(၁၉)လမ်း၊ အမှတ်(၁၀၈၆)ဟုခေါ်တွင်သော အလျား(၄၀)ပေXအနံ(၆၀)ပေ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်း၌ ဦးသိန်း (၁၂/ဥကမ(နိုင်)၀၅၈၂၃၈)အမည်ဖြင့် ယနေ့တိုင်မှတ်သားတည်ရှိသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အနက်မှ ရောင်းချသူ ဦးစိုးဝေလင်း (၁၂/သကတ(နိုင်)၁၇၄၆၂၄)ပိုင်ဆိုင်သော တရားဝင်မခွဲစိတ်ရသေးသည့် အလျား(၁၀)ပေXအနံ(၆၀)ပေ ဂရန်မူရင်းပါရှိသည့်(အလယ်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက ယင်းမြေကွက်နှင့်နေအိမ်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအောင် (၁၂/မဂတ(နိုင်)၀၄၆၀၅၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြသီတာ (LL.B, D.B.L, D.ILL) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၀၉၁)**
**အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၂၁၁၅၂၄၃၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉ စီ ၂)၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ မြေကွက်အမှတ်(၆၈)၊ အိမ်အမှတ်(၃၁)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ်RC အဆောက်အအုံမှ ရောင်းချသူ ဒေါ်ခင်အိအိအောင်(၁၂/ဒဂရ(နိုင်)၀၀၀၀၃၄)ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် တတိယထပ် (၄-လွှာ)၊ အခန်းအကျယ်အဝန်း(၂၅x၅၀)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းသည်အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မယ်ရယ်ဘီ(၁၀/ကမရ(နိုင်)၁၈၄၀၄၀)ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့် ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန်

ဦးလင်းလင်းဗိုလ် (၁၂/ဒဂတ(နိုင်)၀၂၂၆၀၃)၊ အမှတ် ၉၆၄/ခ၊ မင်းလှကျော်ထင်လမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံ (ဆိပ်ကမ်း)၊ မြို့နယ်နေထိုင်သူသည် ဇနီး ဒေါ်ဖြူနှင့် သမီး (၂)ဦးအား စွန့်ပစ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ထွက်သွားပြီး ကျန်းမာရေးမကောင်းသူ မိခင် ဒေါ်ဝင်းကြည်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိသားစုဂုဏ်သိက္ခာကျဆင်းစေသည့် ကိစ္စရပ်များပြုလုပ်သဖြင့် မိခင် ဒေါ်ဝင်းကြည်မှ ဦးလင်းလင်းဗိုလ်အား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ဦးလင်းလင်းဗိုလ်နှင့်ပတ်သက်၍ မိသားစုမှ တစ်စုံတစ်ရာတာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဒေါ်ဝင်းကြည်** | **ဒေါ်မီမီအောင်** |
| **၁၂/အစန(နိုင်)၁၀၂၀၀၅** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၈၇၇၆** |
| **အမှတ်-၉၆၄/ခ၊ မင်းလှကျော်ထင်** | **အိမ်အမှတ် ၁၂၅၁/ ကျန်စစ်သားလမ်း၊** |
| **လမ်း၊ (၆၉)ရပ်ကွက်၊** | **(၆၉)ရပ်ကွက်၊ (ဒဂုံဆိပ်ကမ်း)** |
| **ဒဂုံမြို့ (ဆိပ်ကမ်း)မြို့နယ်၊** | **မြို့နယ်၊** |
| **ဖုန်း-၀၉-၇၇၈၅၆၈၁၅၁** | **ဖုန်း-၀၉-၄၅၁၃၀၈၄၀၀** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်ကွက်၊ ဥသာ(၆) လမ်း၊ အမှတ်(၁၀၈၂/ခ)နေ ဒေါ်ပြည့်ဖြိုးဝေ(ဘ)ဦးမင်းလွင် ၇/ပခန (နိုင်) ၂၇၂၀၈၃နှင့် ဒေါ်မို့မို့မင်းနိုင်(ဘ)ဦးထွန်းမင်းနိုင် ၇/တငန(နိုင်)၁၉၃၆၂၈ တို့မှ အထက်ပါလိပ်စာရှိ အနံ(၂၀)ပေ၊ အလျား(၆၀)ပေ ခြံမြေကွက်၊ အရှေ့လားသော်-ဦးနေလင်းအောင်နေအိမ်၊ အနောက်လားသော်- လမ်းကြား၊ တောင်လားသော်-ဥသာ(၆)လမ်း၊ မြောက်လားသော်-နောက်ဖေးမြောင်း အလား(၄)ရပ်အတွင်းရှိ ခြံမြေကွက်အား (၅-၁-၂၀၂၃)ရက်စွဲဖြင့် ကဝမြို့နယ်၊ အဒူးကျေးရွာနေ ကိုချစ်ဟိန်းသွင်(ဘ) ဦးမြင့်နောင်၊ ၇/ကဝန(နိုင်)၁၂၁၃၉၂နှင့် ဦးမြင့်နောင်(ဘ)ဦးစောမောင် ၇/ကဝန(နိုင်)၀၁၈၉၄၁ တို့အား အပြီးအပိုင်လက်ရောက်လွှဲပြောင်း ရောင်းချထားပြီးဖြစ်၍ ဝယ်ယူသူ ကိုချစ်ဟိန်းသွင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ အမည်လွှဲပြောင်းခြင်းများ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက (၁၀)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သက်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ချစ်ဟိန်းသွင်နှင့် ဦးမြင့်နိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထူး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၂၁၅)**
**အမှတ်(၃/၄၉)၊ အုန်းနှဲစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၇၅၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းစိုး ၁၀/ကမရ(နိုင်) ၂၁၆၈၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၃၁၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးလှညွှန့် ၁၀/မလမ(နိုင်)၁၄၃၇၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၆၂၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးထက်ပိုင်ဦး ၁၀/မလမ(နိုင်)၂၇၁၁၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန
## ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန
## ကျိုင်းတုံမြို့၊ ယန်းခမ်းအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်တင်ယာဉ်ကြီးဂိတ်(၄)ခန်းနှင့်ယာဉ်ငယ်ဂိတ်(၄၀)ခန်း၊ သံကူကွန်ကရစ်(၂)ထပ်အဆောက်အအုံ တည်ဆောက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ Expression Of Interest (EOI) ခေါ်ယူခြင်း

၁။ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနပိုင် ယန်းခမ်းအဝေးပြေးယာဉ်ရပ်နားစခန်းမြေဧရိယာ (၅.၀၅၂) ဧက တွင် ခရီးသည်တင်ယာဉ်ကြီးဂိတ်(၄) ခန်းနှင့် ယာဉ်ငယ်ဂိတ်(၄၀)ခန်း၊ သံကူကွန်ကရစ် (၂)ထပ် အဆောက်အအုံ တည်ဆောက်မည်ဖြစ်၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းနှင့်ပုံစံများကို ဦးစွာ စိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာ တင်သွင်းမည့် ကုမ္ပဏီသည် အဆိုပြုမည့် ဒီဇိုင်းပုံစံများ (Civil Drawing, Archi Drawing) Design အသေးစိတ်စီမံချက်နှင့်အတူ (Power Point) ဖြင့် $EO_2$ စိစစ်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီထံ ရှင်းလင်းတင်ပြရမည်။

၃။ (EOI)အဆိုပြုလျှောက်လွှာပုံစံများကို (၁၁-၉-၂၀၂၅)ရက်၊ ကြာသပတေးနေ့ (ရုံးချိန်အတွင်း)ရယူနိုင်ပြီး (၁၃-၁၀-၂၀၂၅)ရက် (တနင်္လာနေ့) (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာနသို့ ပေးပို့တင်သွင်းရန်နှင့် သတ်မှတ်အချိန်ထက် နောက်ကျရောက်ရှိလာသော (EOI) အဆိုပြုလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ (ကျိုင်းတုံ)နှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးဌာနတို့တွင် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။ (ဖုန်း-၀၈၄-၂၁၆၉၂၊ ၀၈၄-၂၁၀၁၆)

**ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁)၊ မြေကွက်အမှတ်(၁၈၀)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်အေးသန္တာထွန်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁)၊ မြေကွက်အမှတ်(၁၆၉)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်စန်းစန်းမွန်မှ သက်တမ်းတိုး အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

---

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းအုပ်စု၊ သင်ပန်းကုန်းကျေးရွာ၊ အိမ်အမှတ်(၂၄၄)နေ ဦးရန်နိုင်စိုး ၉/ရမသ(နိုင်)၁၂၅၈၃၀မှ YMT,Yamethin ရမည်းသင်း အမည်ဖြင့် သောက်ရေသန့်လုပ်ငန်း လုပ်ကိုင်မည်ဖြစ်ပါသဖြင့် (အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အကြောင်းကြားအပ်ပါသည်။

**ဦးရန်နိုင်စိုး ၉/ရမသ(နိုင်)၁၂၅၈၃၀**
**ဖုန်း-၀၉-၄၀၂၇၅၉၂၄၀၊ ၀၉-၇၇၈၈၃၁၁၀၇**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 20U/2708 အမျိုးအမည် AIG 300 အမျိုးအစား 3W ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(သရက်)**

---

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်ခန့်လမ်း၊ အမှတ်(၃၄၇/ဘီ)၊ မြေ တိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၃၄၇-က)၊ အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးတင်ဆွေ (Mygn- 000682) အမည်ပေါက် ပါမစ်မြေကွက်မှ မြေကွက် အားမျက်နှာမူလျှင် ညာဘက်ခြမ်း ( ၁၀ပေ x ၆၀ပေ) ရှိ မြေနှင့်ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် ၎င်းမြေနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးထွဋ်ညီအောင် (၁၂/လကန(နိုင်)၃၀၅၀၅၂) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းပပစန္ဒာ** | **ဒေါ်ဆုဆုအောင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၂၂၆)** |

**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေဃာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ဖုန်း- ၀၉- ၉၄၆၅၄၂၂၆၂၊ ၀၉- ၄၂၁၁၂၄၈၀၇**

---

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆၀
## ကွယ်လွန်သူ ဦးခင်အောင်ထွန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ တံတားလည်ရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်အောင်ထွန်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်စန်းထွေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက် )တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်အောင်ထွန်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၁ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်စန်းထွေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(စိုးဝင်း)**

**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၄)၊ မြေကွက်အမှတ်(၉၇၁)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်တင့်တင့်ဝေမှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသ္သာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၈)၊ မြေကွက်အမှတ်(၃၈၃)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧကရှိမြေအား ဒေါ်နွယ်နွယ်ဝင်းမှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ မြေကွက်အမှတ်(င/၅၀B)၊ဧရိယာ(၀.၀၂၇၅)ဧက၊ (အလျား၂၀ပေX အနံ၆၀ပေ)၊ (၁၂၀၀စတုရန်းပေ)ရှိ (၂၅)နှစ်ဂရန်သက်ကုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အမှတ်(င/၅၀B)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် ပွဲရုံအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးသိန်းမြင့်(ခ)ဆွာကာဝီး(၁၂/လသန(နိုင်)၀၁၅၃၅၅)သည် (၂၆.၈.၂၀၂၃)ရက်တွင် ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူဒေါ်ခင်ခင်ရှု(၁၂/လသန(နိုင်)၀၁၅၃၅၄)သည် (၁၆.၃.၂၀၁၅)ရက်တွင် အသီးသီးကွယ်လွန်ခဲ့သဖြင့်တစ်ဦးတည်းသောသားဖြစ်သူ ဦးတိုးမောင်(၁၂/လသန(နိုင်)၀၀၅၇၁၄)မှ အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ဦးတိုးမောင်ထံမှ (၁) SAW KWAI CHU(၁၂/ရကန(ပြု)၀၀၁၅၂၂)၊ (၂)ဒေါ်စုစုစံ (၁၂/လသန(ပြု)၀၀၁၅၀၁)၊ (၃)ဒေါ်ဝင်းမော်ဟန်(၁၂/လသန(ပြု)၀၀၁၅၃၇)တို့ (၃) ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသငွေကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည်ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ**

**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW)LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO,DL(101), (201),(317) Switzerland(Geneva)**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၅၀၇၁၂၀၆၊ ၀၉- ၉၇၄၇၃၅၆၈၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် - ၂၃၊ ရွှေလင်ဗန်း

(၁) မြေကွက်အမှတ် - ၃၉၊ ဧရိယာ - ၀.၀၆၁ ဧက၊

(၂) မြေကွက်အမှတ် - ၄၀၊ ဧရိယာ - ၀.၀၆၁ ဧက၊

(၃) မြေကွက်အမှတ် - ၄၁၊ ဧရိယာ - ၀.၀၆၁ ဧကရှိ

ဗိုလ်အောင်ကျော်လမ်းပေါ်ရှိ

မြေကွက်များနှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးရဲအောင်(၁၂/လသန(နိုင်)၀၁၀၁၅၉) အမည်ဖြင့်မှတ်သားထားပါသည်။ ၎င်းထံမှ(၁၇.၀၅.၂၀၂၅)ရက်တွင် ဦးဇော်စိုးမြင့်(၁၂/လသန(နိုင်)၀၀၄၉၅၀) မှ ရင်းနှီးမြှုပ်နှံမှုခွဲဝေခြင်းဆိုင်ရာ သဘောတူစာချုပ်အရ လက်ဝယ်ထားပိုင်ဆိုင်ထားပါသည်။ မိမိလက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုသည်ကို ယုံကြည်သဖြင့်အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်တင့်(ခ)ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ စဉ်-၅၇၅၁/ ၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၉- ၅၁၃၉၃၀၆**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ လူနေရပ်ကွက်အမှတ်- (ထ/၁၆) ရပ်ကွက်၊သီတာ(၂)လမ်း၊ မြေကွက်အမှတ် (၈၈၁/က)၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိသော ဦးစန်းမြိုင်အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေလိုင်းခန်း (၅)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်ဒွေး (၁၄/အမန(နိုင်)၁၆၅၈၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသန္တာ (၁၂/ရပသ(နိုင်)၀၃၅၁၃၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံတိုကျခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လင်းနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁၊ အခန်း-၁၀၃(E)၊ ပထမထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၄၇၅၅၄၉၊ ၀၉-၇၉၃၆၆၅၃၅၁**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ (၅၄)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၇၀၄(က) အကျယ်အဝန်း (၂၀ ပေ x ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်ညှပ် (၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ ဦးထွေးလှိုင်(၁၂/ဒဂတ(နိုင်)၀၄၂၈၆၄)မှ ဝယ်ယူ ပိုင်ဆိုင်ထားပြီး ၎င်းမှ အရှုပ်အရှင်းမရှိ မိမိအမှန်တကယ်ပိုင်ဆိုင်ကြောင်း ရောင်းချလိုကြောင်းအဆိုပြုကမ်းလှမ်းလာရာ ၎င်း၏ကမ်းလှမ်းချက်ကိုယုံကြည်သဘောတူ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွဋ်မြတ်သူဘက်မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးထွဋ်မြတ်သူ၏လွှဲအပ်ချက်အရ**
**ဒေါ်ခင်နွယ်နွယ် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၂၂)**
**အမှတ်(၆၈)၊ ဗိုလ်စောပုလမ်း၊ သရက်တော (မြောက်) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၅၂၃၁၀၈၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ဒီပါလမ်းနှင့် အောင်သုခ(၅)လမ်းထောင့်၊ မြေကွက်အမှတ်(၂၈၄)ဟုခေါ်တွင်သော ဦးမြင့်ထူး အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် မူရင်းပါ မြေအကျယ်(၄၅ပေx ပေ ၆၀)ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးမြကြူ (၁၂/အစန(နိုင်)၀၄၈၂၃၂) အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှရွှေ (၁၂/ဒဂတ(နိုင်)၀၀၈၃၆၄) မှ အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍(၁၅)ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဦးလှရွှေ** | **ဒေါ်ဟန်နီထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉)** |
| | **အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၄၁၂၆** |

---

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးသူရအောင် ၉/ရမသ(နိုင်) ၁၉၈၅၀၈နှင့် ဒေါ်ဟေမာ ၉/ရမသ(နိုင်) ၁၃၆၅၈၂တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့သဖြင့်(၅-၉-၂၀၂၅)ရက်တွင် လွတ်လပ်သော သဘောဆန္ဒများအရ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပြီးဖြစ်ပါသည်။ဤနှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ချုပ်ဆိုပြီးချိန်မှစ၍ ဦးသူရအောင်နှင့် ဒေါ်ဟေမာ တို့သည် ယခင်က ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ လက်ရှိကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း နောက်နောင်တွင် ပေါ်ပေါက်လာမည့်ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက်ဆက်နွယ်ခြင်း၊ တစ်ဦး၏ကိုယ်ရေးကိုယ်တာကို တစ်ဦးက ဝင်ရောက်စွက်ဖက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဟေမာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖွန့်ပွင့်ဦး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၆၇၇)(၇-၇-၂၀၂၅)**
**ဖုန်း-၀၉-၉၈၃၇၆၂၆၉၉**

---

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ(၈)လမ်း၊ အမှတ်(၇၁၀)နေ ကျွန်တော် ဦးတင်မောင်ကြည် ၁၂/ သကတ(နိုင်) ၁၃၈၀၇၀မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်တော်၏ သားဖြစ်သူ မောင်ဟိန်းမင်းလတ် ၁၂/သကတ(နိုင်) ၂၁၂၂၅၇သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘများနှင့် မောင်နှမများအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုမူဆောင်ရွက်သည့်အတွက် ဤကြေညာပါသည့်ရက်မှစ၍ မောင်ဟိန်းမင်းလတ်နှင့်ပတ်သက်သည့် မည်သည့် ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ရာသက်ပန် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း မောင်ဟိန်းမင်းလတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလွန်းသူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၈၁)**
**ဗဟန်းဈေးအပေါ်ထပ်၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၁၁၅၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းထိုက် ၁၀/သထန(နိုင်)၂၆၃၂၀၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/20541, Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ San Myat Zaw Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

---

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ အထက(၂)ကျောင်း G-6 မှ မောင်ဇေလက်ျာအေး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်မင်း ၇/ဖမန(နိုင်)၁၂၅၇၇၈ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်မင်း**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အထက(၂) ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မစန်းဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးရန်မင်းထွေး ၉/မခန(နိုင်)၂၅၅၆၆၃ ဖြစ်ပါကြောင်း။

**ဦးရန်မင်းထွေး**

---

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၄) ဝေဠုဝန်ရပ်ကွက်နေ ဦးငွေမောင်၏ သမီး ဒေါ်မြမြဥ(ခ)ဒေါ်မြမြင့်ဥ ၈/မဘန(နိုင်) ၁၀၃၂၃၇မှာ အမည် နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြမြဥ(ခ)ဒေါ်မြမြင့်ဥ**

---

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(ခွဲ) ကမာနတ်ကျောင်း Grade-10 မှ မောင်သူရိန်ညီမိုး၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းစိုး ၇/ပခန(နိုင်)၂၅၀၅၁၄ ဖြစ်ပါကြောင်း။

**ဦးငြိမ်းစိုး**

---

## ကျေးဇူးဆပ်ပါမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၃)၊ ဟိန္ဒားလမ်းရှိ ဆိုင်ခန်းအမှတ်(၃၁)၏ စည်ပင်သာယာမှ ချပေးထားသော ပါမစ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း- ၀၉-၅၀၁၉၅၈၅**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်

၂၈-၈-၂၀၂၅ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါ အပင်မျိုးသစ်များအား **"အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြု လက်မှတ်"** ပေးအပ်တော့မည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ယခုကြေညာပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အတွင်းရေးမှူး၊ အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၃၄၁၆၅၉၇၊ ၀၉-၉၆၇၂၉၆၄၅၉၊ ဖက်(စ်)-၀၆၇-၃၄၁၆၅၃၅ (သို့မဟုတ်) အီးမေး(လ်) – dgdar.moai@gmail.com နှင့် pvpsection.dar@gmail.com တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

| စဉ် | သီးနှံအမည် | မျိုးအမည် | လျှောက်ထားသည့်ရက်စွဲ | လျှောက်ထားသည့်အဖွဲ့အစည်း | အပင်မျိုးသစ်များ၏ထူးခြားသည့်လက္ခဏာများ | |
|---|---|---|---|---|---|---|
| ၁။ | မြေပဲ | ဆင်းပဒေသာ- ၁၄ | ၂၁-၁၀-၂၀၂၂ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | သီးတောင့်ခါးချိုင့်မှုအသင့်အတင့်၊ အစေ့အဆံကြီး |  |
| ၂။ | မြေပဲ | ဆင်းပဒေသာ- ၁၆ | ၂၁-၁၀-၂၀၂၂ | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အတောင့်အခွံ မျက်နှာပြင်ချောမွေ့၊ အရွက်ရောဂါဒဏ်ခံ |  |
| ၃။ | သခွားမွေး (Cucumis melon) | FUJISAWA melon | ၂၄-၇-၂၀၂၄ | Rijk Zwaan Zaadteelten Zaadhandel B.V | အသီးလုံးဝိုင်း၍ အတွင်းသားလိမ္မော်ရောင် |  |

**အတွင်းရေးမှူး**
**အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၆၃)၊ ၈ထပ်တိုက်၏ ပထမထပ်အကျယ်အဝန်း (အလျား ၁၇ပေxအနံ ၄၀ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်မှာ ဦးသမ်တိမ်ပေါင်ဖြစ်ပြီး ဖခင်ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော ဒေါ်စန္ဒာမြင့် ၊ ဦးဝင်းထွန်း၊ ဦးအေးထွန်းတို့မှ တရားဝင်ပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသောကြောင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်အေး ၁၂/ဒလန(နိုင်)၀၀၂၀၇၄မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်နှင်းအေး (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၇)**
**အမှတ်(၁၀၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/19140 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူလွင် ၇/အဖန(နိုင်)၁၃၂၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကြာနီလမ်း၊ အမှတ်(၁၀၁၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၁၀၁၇)၊ အကျယ်အဝန်း ပေ(40x60)ရှိ ဦးတင်ရွှေ ၁၂/ကမတ(နိုင်)၀၁၅၅၁၆ အမည်ပေါက် ပါမစ်မြေကွက်မှ မြေကွက်အမှတ်(၁၀၁၈) ဘက်ခြမ်းရှိ (၁၀x၆၀) ပေရှိမြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် (၂) ထပ်တိုက်အပါအဝင် ၎င်းမြေနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးအေးခိုင် ၁၂/သဃက(နိုင်)၁၂၉၂၉၅ မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းပပစန္ဒာ** **ဒေါ်ဆုဆုအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)** **အထက်တန်းရှေ့နေ(စဉ်-၃၅၂၂၆)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊(င/က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၉၄၆၅၄၂၂၆၊ ၀၉-၄၂၁၁၂၄၈၀၇**

## အမည်မှန်

အထက(ခွဲ)၊ အလက(၇)၊ ဒဂုံတောင် ကျောင်းဝင်အမှတ် ၀၉၉/၂၀၃ Grade-12 မှ မရေဗက္ကာဗျက်တလေ့ဇိန်း၏ အမည်အမှန်မှာ မရေဗက္ကာ ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၅)၊ အကွက်အမည် အနောက်စျေး(ခ)ရပ်၊ ဦးပိုင်အမှတ် (၁၃ᵃ)၊ ဧရိယာ ၀ ဒသမ ၀၆၀ဧကရှိ မြေအား (ဘိုးဘပိုင်) အမည်ပြောင်းပေးရန် ဦးနေစိုးလှိုင်၊ ဒေါ်သူဇာမြင့်ငွေတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ရွှေဘိုမြို့နယ်မြေစာရင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၁၀က၊ တာပူ)၊ ဦးပိုင်အမှတ်(၂၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၄၀ဧကရှိမြေကွက်သည် မူလက ဦးနေမင်းလေး (ခ) ရာဘီ၊ ဦးမနိုးချိုကူးမား(ခ)ကျော်မြင့် အမည်ဖြင့် ၁၇-၆-၂၀၂၅ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန် အမည်ပေါက်သူ(၂)ဦးအနက် ဦးမနိုးချိုကူးမား(ရ်) (ခ) ကျော်မြင့်မှာ ၂၅-၅-၂၀၂၂ရက်တွင် လူပျိုလူလွတ်ဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သဖြင့် ဦးမနိုးချိုကူးမား(ရ်)အမည်အားလျှော့၍ အတူနေ အစ်မ ဒေါ်ရီသားအမည်အား အမည်ဖြည့်စွက်၍ ယခုအခါ ဦးနေမင်းလေး (ခ) ရာဘီ ၁/မကန(နိုင်) ၀၁၅၃၅၂၊ ဒေါ်ရီသား ၁/မကန(နိုင်)၀၁၅၃၅၀အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေး အတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ် ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီသီဝင်း ၇/ကကန (နိုင်)၀၅၅၃၂၆ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၉၂၈၂၃၅

## ၂၀၂၀ပြည့်နှစ် Insolvency Law အရ
### HAVEN DEVELOPMENT COMPANY LIMITED
### (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
### (Insolvency Law 147, 152 နှင့် Insolvency Rules 9 နှင့် 15 (b) အရ)

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၄)ရက် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအထွေထွေ အစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်–

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းရန်။

၂။ ဒေါ်ကေခိုင်ခိုင်လင်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် နှင့် ၎င်းအား ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သောလုပ်ပိုင်ခွင့်များကို လွှဲအပ်ရန်။

၃။ HAVEN DEVELOPMENT COMPANY LIMITED ၏ တရားဝင် စာရင်း ရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ၁၁-၁၀-၂၀၂၅ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှပေးရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ တောင်းခံကြပါရန် အကြောင်းကြား အပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံ လာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါ သည်။

ဦးအောင်ခန့်ကျော်
ဒါရိုက်တာ
HAVEN DEVELOPMENT CO., LTD

ဒေါ်ကေခိုင်ခိုင်လင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
တိုက်(၆)၊ အခန်း(၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၃

ဦးမြင့်စိုး(ခ)ဦးကျော်မင်း (တရားလို) နှင့် ဦးတင်အောင် (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးတင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်စိုး(ခ)ဦးကျော်မင်းက အိမ်မြေအရောင်း အဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက် များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်(၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါသူက တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

**Shwe Thit Oo Co.,Ltd.** မှ ဖြန့်ဖြူး ရောင်းချသော အောက်ဖော်ပြပါ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး ထုတ်ကုန်များကို **Aung Gaday Htet Co.,Ltd.** သို့ ဖြန့်ဖြူးသူ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန် ရှိပါက မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေငြာ အပ်ပါ သည်။

| No | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1 | Five Star | Emamectin Benzoate 5% + Lambda cyhalothrin 10% EC | P2025-6608 |
| 2 | Super Paung Sin Shal | Bensulfuron-methyl 10% + Bispyribac-sodium 25% WP | P2025-6662 |
| 3 | Pynoran | Dinotefuran 20%+ Pymetrozine 50%WP | P2025-6607 |

**Aung Gaday Htet Co.,Ltd.**
No.67, Seik Kan Thar Street, Ngwe Pin Lal Industrial Zone Hlaing Tharyar Township, Yangon Region,Myanmar. Ph:09-792277100

## အမည်မှန်

ဇေယျာသီရိမြို့နယ် ကျည်တောင် ကျေးရွာနေ (ဘ) ဦးနေထက် အောင်၏ သမီး STEM ကိုယ်ပိုင် အထက်တန်းကျောင်း Grade -5 မှ အတန်းမှ မသွန်းဆုအိမ်၏ အမည်မှန်မှာ မဝင့်နဒီထက်ဟန် ဖြစ်ပါ ကြောင်း။

မဝင့်နဒီထက်ဟန်

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအားရှင်၏သမီး ကျွန်မ မချစ်ဖွေးစင် ၁၃/မပတ(နိုင်) ၀၄၈၄၄၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၈၉၅၅၉၂

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/20794 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး
(ကျိုင်းတုံ)ကျိုင်းတုံမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၆

ဦးမြင့်စိုး (ခ) ဦးကျော်မင်း (တရားလို) နှင့် ဗိုလ်မှူး ချစ်ငွေ (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဗိုလ်မှူး ချစ်ငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်စိုး(ခ)ဦးကျော်မင်းက အိမ်မြေအရောင်း အဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၅

ဦးမြင့်စိုး(ခ)ဦးကျော်မင်း (တရားလို) နှင့် ဗိုလ်ကြီးခင်မောင်ထူး (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၅)ရပ်ကွက်နေ ဗိုလ်ကြီး ခင်မောင်ထူး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်စိုး(ခ)ဦးကျော်မင်းက အိမ်မြေအရောင်း အဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက် များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်(၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသီရိဝင်း)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံပျား အထက၊ Grade–12 အခန်း (E–1)မှ မမေသူငြိမ်း၏ ဖခင်အမည်မှန်မှာ၊ နိုင်ငံသားစိစစ်ရေး ကတ်အရ ဦးသိန်းစိုး ၉/ကပတ (နိုင်)၂၀၂၆၉၈ ဖြစ်ပါကြောင်း။

ဦးသိန်းစိုး

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်း တောင်းမြို့နယ်၊ လက်ပံပျား အထက၊ Grade–12 အခန်း(E–1)မှ မစံပါယ်မိုး ၏ ဖခင်အမည်မှန်မှာ၊ နိုင်ငံသား စိစစ်ရေးကတ်အရ ဦးဇော်မင်းငွေ ၇/ ဖမန(နိုင်)၁၄၉၀၁၈ ဖြစ်ပါကြောင်း။

ဦးဇော်မင်းငွေ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/4943 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး
(ကျိုင်းတုံ)ကျိုင်းတုံမြို့

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီး မြို့နယ်၊ ဥက္ကံမြို့၊ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ် ဦးဝင်းမြင့် ၁၂/တကန (နိုင်)၀၇၀၇၀၇၏ မွေးသက္ကရာဇ် အမှန်မှာ ၁၉၈၃ခုနှစ် အခြေခံ ပညာအဆင့်မြင့်တန်း စာမေးပွဲ အောင်လက်မှတ် အရ ၂၁-၁၀- ၁၉၆၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ သဲချောင်းကျေးရွာနေ (ဘ) ဦးငွေအောင် ၁၁/စတန(နိုင်) ၀၅၉၇၈၇ ၏ သမီး မခင်လွင်ဝေ ၁၁/စတန(နိုင်)၁၅၅၉၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အရ ၁၀- ၁၁- ၂၀၀၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/33589 Honda Dream 125 M/C အား စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်နေ မောင်သန်းအောင် ၁၁/စတန(နိုင်) ၀၆၄၆၂၉က (ကမ-၃)ပျောက်ဆုံး ကြောင်း လျှောက်ထားလာပါ သဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှစ၍ (၃၀)ရက် အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/94652 Honda Wave 100 M/C အား စစ်တွေမြို့၊ ဓညဝတီ(က)ရပ်ကွက်နေ သားညီစိုး ၁၁/စတန(နိုင်)၁၆၀၀၉၀ က(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/9731 BAJAJ 200 T/W အား စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးအောင် နိုင်ထွန်း ၁၁/စတန(နိုင်) ၀၅၄၅၈၁ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀)အတွင်း ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၈

ဒေါ်ဝင်းမင်းစိုး (ခ) ဒေါ်တူးတူး (တရားလို) နှင့် ဒေါ်သိန်းသိန်းမြင့် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မောင်းမကန်/ကန်သာယာလမ်း၊ အမှတ်(၈၅၇)နေ ဒေါ်သိန်းသိန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက" ကတိပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ သင်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေနှင်းသူ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

# အငှားဝယ်မော်တော်ယာဉ်များနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ အငှားဝယ်ချေးငွေရယူ၍ ဝယ်ယူခဲ့သည့် မော်တော်ယာဉ်များနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book) မူရင်းများသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အာမခံအဖြစ် တည်ရှိလျက်ရှိသည့်အပြင် အငှားဝယ်ယူသူနှင့် ဘဏ်တို့ ချုပ်ဆိုခဲ့သည့် ကတိစာချုပ်များအရ မော်တော်ယာဉ်များသည် ဘဏ်၏ ပိုင်ဆိုင်မှုပစ္စည်းအဖြစ်တည်ရှိကြောင်း (၇) ကြိမ်ထိ ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အငှားဝယ်ချေးငွေရယူပြီး မော်တော်ယာဉ်လက်ဝယ်ရှိသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် မော်တော်ယာဉ်လက်ဝယ်ရှိသူများသည် မိမိတို့လက်ဝယ်ရှိမော်တော်ယာဉ်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုခိုင်မာစေရေးအတွက် အငှားဝယ်ချေးငွေကြွေးကျန်များအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးထား၍ ပြေကျေစွာ ပြန်လည်ပေးဆပ်သွားရန်နှင့် ချေးငွေပြေကျေခြင်းမရှိသည့် အငှားဝယ်မော်တော်ယာဉ်များအား နိုဝင်ဘာလ မှစတင်၍ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါကြောင်း နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင် | နေရပ်လိပ်စာ | ယာဉ်အမှတ် | ယာဉ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဒေါ်သဲစုအောင် | ၉/ပမန(နိုင်)၁၉၂၉၀၈ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 4C/5838 | TOYOTA MARK II |
| ၂ | ဦးဇော်မင်းနိုင် | ၉/ပမန(နိုင်)၂၅၅၁၉၄ | အိမ်အမှတ်(၆/၁၅၈)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | 6C/2541 | HYUNDAI BUS |
| ၃ | ဒေါ်အိအိမွှေး | ၉/နထက(နိုင်)၁၇၂၁၆၅ | အမှတ်(SH-012)၊ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 6C/8115 | MITSUBISHI PAJERO |
| ၄ | ဦးရာဇာဟိန်း | ၇/ညလပ(နိုင်)၁၅၉၃၈၃ | အမှတ်(၉၂၂)၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ | 6D/7881 | TOYOTA BELTA |
| ၅ | ဒေါ်နန်းခင်ညွန့်မေ | ၁၃/လရန(နိုင်)၀၀၇၁၆၈ | အမှတ်(၁၂၁၂)၊မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ | 7E/3874 | KIA CERATO |
| ၆ | ဦးစောထိုက်ဝင်း | ၇/ရကန(နိုင်)၀၀၁၁၂၀ | အိမ်အမှတ်(၃၂၇၄)၊ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | 9E/7368 | JAC BUS |
| ၇ | ဦးစည်သူမင်း | ၁၄/ပသန(နိုင်)၂၃၄၄၇၅ | အမှတ်(၁၀၈)၊ ကမ်းနားဈေးကွန်ဒို၊ ပုသိမ်မြို့နယ်၊ | 1F/8830 | JAC BUS |
| ၈ | ဦးကျော်သူ | ၉/မလန(နိုင်)၀၈၁၉၄၅ | အမှတ်(၂၂၀)၊ မြို့သစ်ရပ်ကွက်၊ဒေါပုံမြို့နယ်၊ | 9G/7043 | LIFAN DUMP TRUCK |
| ၉ | ဦးဝင်းမောင်ဦး | ၈/မကန(နိုင်)၁၅၀၆၂၈ | အမှတ်(၁၃၇)၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မကွေးမြို့နယ်၊ | 2H/3594 | YUTONG BUS |
| ၁၀ | ဒေါ်စိုးစိုးအေး | ၉/မထလ(နိုင်)၂၂၆၆၉၄ | နိုင်လွန်ကုလားပဲခွဲစက်၊ ကန်သာကျေးရွာအုပ်စု၊ မိတ္ထီလာမြို့နယ်၊ | 6H/1854 | KIA BONGO MINI BUS |
| ၁၁ | ဒေါ်ကျင်လွမ် | ၁၂/လမတ(နိုင်)၀၁၈၅၆၇ | အမှတ်(၅၄)၊အခန်းအမှတ်-(4B)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ | 7H/9600 | JAC BUS |
| ၁၂ | ဒေါ်စီစီဝင်း | ၈/ရနခ(နိုင်)၀၆၇၈၄၇ | အမှတ်(၆၉၇)၊ အောင်မေတ္တာရပ်ကွက်၊ မကွေးမြို့နယ်၊ | 6I/5333 | KIA PREGIO MINI BUS |
| ၁၃ | ဦးမျိုးမင်းအောင် | ၁၄/ခနဖ(နိုင်)၁၁၈၁၇၄ | တိုက်(၃၀)၊အခန်း(၁၀၆)၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်။ | 7I/8502 | JAC BUS |
| ၁၄ | ဒေါ်စန်းစန်းထွေး | ၁၂/ဥကမ(နိုင်)၁၄၈၀၉၃ | အမှတ်(၇၅)၊(တ/၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | 7I/8503 | ANKAI BUS |
| ၁၅ | ဦးသက်အောင် | ၁၄/မမန(နိုင်)၁၈၉၁၄၃ | အခန်း(၂၁)၊ တိုက် (၄၃၂၃)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 8I/2712 | YAR ZAR MIN BUS |
| ၁၆ | ဦးလွင်မောင်ဦး | ၈/ပခက(နိုင်)၁၄၂၂၁၂ | အမှတ်(၁၆၅)၊ ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ | 8I/8522 | ZAR THA PYIN BUS |
| ၁၇ | ဦးလင်းလင်းထွန်း | ၆/ဘပန(နိုင်)၀၂၉၈၁၀ | လေ့ကြီးတက်ရွာ၊ သာပေါင်းမြို့နယ်၊ | 9I/5675 | CDW DUMP TRUCK |
| ၁၈ | ဦးကျော်ဇေယျ | ၁၄/ပသန(နိုင်)၀၀၆၀၇၆ | အမှတ်(၁၀၅၂)၊ ရဲစုကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ | 5J/4679 | TOYOTA DYNA LIGHT TRUCK |
| ၁၉ | ဦးထွန်းကျော် | ၁၂/လကန(နိုင်)၁၂၀၂၂၇ | အိမ်အမှတ်(ဈ-၂၅)၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့နယ်၊ | 5J/5623 | SUN LONG BUS |
| ၂၀ | ဦးအာကာဖြိုး | ၇/ပမန(နိုင်)၁၇၉၉၈၃ | အမှတ်(၅၀၃)၊ ပုလဲ(၃) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ | 5J/9305 | SUNLONG BUS |
| ၂၁ | ဒေါ်မီမီကျော် | ၁၄/ပသန(နိုင်)၁၆၁၆၁၂ | အမှတ်(၅၆)၊ စကားဝါလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ | 8J/4374 | THAMAR DI BUS |
| ၂၂ | ဒေါ်စုယမင်းဖြိုး | ၁၂/ဥကမ(နိုင်)၂၁၄၈၆၇ | အမှတ်-(၃၈၅)၊(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ | 8J/5904 | SHWE TARIGAN BUS |
| ၂၃ | ဦးပြည့်ဖြိုးအောင် | ၇/မလန(နိုင်)၁၀၃၆၄၀ | အမှတ်(၃၂)၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ရွှေပြည်သာမြို့နယ်၊ | 8J/6129 | YADANAR TUN BUS |
| ၂၄ | ဦးခွန်အောင်ဇာမျိုးထိုက် | ၉/မထလ(နိုင်)၁၉၅၁၈၉ | ပန်းတိမ်ကုန်းကျေးရွာ၊ကန်တောင်ကျေးရွာအုပ်စု၊ မိတ္ထီလာမြို့နယ်၊ | 8J/8853 | HNIN KYAR PHYU SUPERL |
| ၂၅ | ဦးရှိုင်းမောင်မောင် | ၁၂/အလန(နိုင်)၀၄၉၁၁၆ | အမှတ်(၇)၊(ပထမထပ်)၊ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ | 2K/6289 | SCANIA TRACTOR HEAD |
| ၂၆ | ဦးအောင်ကျော်စိုး | ၈/တတက(နိုင်)၁၉၁၆၀၈ | ဒ-(၃၁၉၄၁)၊ ဒက္ခိဏသီရိတောင်ရပ်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ | 2K/9099 | CHEVROLET SPIN |
| ၂၇ | ဒေါ်အိအိဖြူ | ၉/ရမသ(နိုင်)၂၀၉၂၉၃ | အမှတ်(SH-012)၊ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 3K/5112 | SKAT DUMP TRUCK |
| ၂၈ | ဦးမျိုးသူရစိုး | ၉/ပဥလ(နိုင်)၀၀၈၉၀၁ | Farmer Power Co.,Ltd ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 4K/8181 | TOYOTA CELSIOR |
| ၂၉ | ဦးမူလောစံ(ခ)ထွန်းရင် | ၉/မနမ(နိုင်)၀၃၀၇၅၈ | အိမ်အမှတ်(S-003)၊ နယ်မြေ(၂)၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 7K/7899 | CHEVROLET MALIBU |
| ၃၀ | ဒေါ်အင်ကြင်းသက် | ၉/ကပတ(နိုင်)၂၇၂၁၄၁ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 1L/1616 | LANDCRUISER PRADO |
| ၃၁ | ဦးဇေယျာလင်း | ၉/ပဥလ(နိုင်)၀၀၅၀၃၈ | Farmer Power Co.,Ltd ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 2L/8181 | NISSAN CEDRIC |
| ၃၂ | ဒေါ်တင်မိုးဖြူ | ၉/ကပတ(နိုင်)၁၈၄၅၉၂ | အမှတ်(အ/၃၆၈)၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့နယ်၊ | 5L/8132 | HINO TRACTOR HEAD |
| ၃၃ | ဦးရဲနိုင် | ၉/မရတ(နိုင်)၁၁၈၄၉၀ | အမှတ်(၈၅၂)၊ ချမ်းတောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ | 7L/2162 | FORLAND DUMP TRUCK |
| ၃၄ | ဦးသန်းထွန်း | ၁၂/မဂဒ(နိုင်)၁၁၅၆၈၅ | အမှတ်(၂ဘီ ၄၈၁)၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်မြို့နယ်၊ | 7L/8024 | ISUZU DMAX |
| ၃၅ | ဒေါ်စုထက်ဦး | ၉/ပမန(နိုင်)၁၉၈၃၃၆ | အမှတ်(၂/၁၇၂)၊ သပြေလှရွာ၊ ကံဦးကျေးရွာ အုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ | 9L/2103 | ISUZU DMAX |
| ၃၆ | ဦးအောင်ကျော်မိုး | ၁၂/ရပသ(နိုင်)၀၃၆၃၉၂ | အိမ်အမှတ်(၂၇၁)၊အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ | 9L/3330 | KIA CARENS |
| ၃၇ | ဒေါ်သော်တာတင့်ဆန်း | ၁၂/ဥကမ(နိုင်)၁၈၄၂၆၁ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 9L/9906 | FORLAND DUMP TRUCK |
| ၃၈ | ဦးစောအယ်ကလူ | ၁၃/လလန(နိုင်)၀၀၁၈၃၈ | အမှတ်(၅၆)၊ စကားဝါလမ်း၊ အမှတ်(၁) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ | 3M/2719 | YUTONG BUS |
| ၃၉ | ဦးသန်းဇော်ထွဋ် | ၁၂/တမန(နိုင်)၀၉၅၀၈၆ | အမှတ်(၁၇၅၆)၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ | 5M/3275 | YUTONG BUS |
| ၄၀ | ဒေါ်တင်တင်ခိုင် | ၁၂/လမတ(နိုင်)၀၃၁၄၁၅ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ် | 6M/1627 | HONDA FIT |
| ၄၁ | ဦးသက်နိုင်အောင် | ၉/လဝန(နိုင်)၁၆၇၃၈၇ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ | 6N/2497 | YUTONG BUS |
| ၄၂ | ဒေါ်အေးအေးအောင် | ၉/ပမန(နိုင်)၂၇၁၇၅၁ | အမှတ်(SH-012)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။ | 1P/6803 | YUTONG BUS |

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အမှတ်(A-09)၊ သီရိကျော်စွာလမ်း၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**

**အသေးစိတ်သိရှိလိုပါက-၀၆၇-၄၂၂၆၉၉ ၊ ၀၆၇-၄၂၂၅၈၁၊ ၀၆၇-၄၂၇၇၈၁၊ ၀၆၇-၂၄၃၀၉**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/78419 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက မုတ္တမ ကျောင်းမှ Grade-12(သင်ဆဲ) မောင်ခန့်ကိုကိုအောင် ကျောင်းဝင်အမှတ်(၀၉၆၃)နှင့် Grade-7(သင်ဆဲ) မကြယ်စင်မေ ကျောင်းဝင်အမှတ် (၁၁၇၉)တို့၏ ဖခင်အမည်မှန်မှာ ဦးဟာဆန် ၁၀/ပမန(နိုင်)၁၃၁၆၇၁ ဖြစ်ပါကြောင်း။

**ဦးဟာဆန်**

## အမည်ပြောင်း

မအူပင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဆိုင်ရွှေဝါလမ်းသွယ်(၁)နေ ဦးဇော်လွင်၏ သား စိုင်းယွန်းစံအမည်အား စိုင်းခွန်စစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အ.ထ.က မင်းလှ Grade-12 မှ မဆုပြည့်စုံ၏ ဖခင်အမည်မှန်မှာ စောထောနေမူး ၇/ဒဥန(နိုင်) ၀၁၈၇၃၂ ဖြစ်ပါကြောင်း။

**စောထောနေမူး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အ.ထ.က မင်းလှ Grade-12 မှ မောင်အောင်နေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းနိုင် ၈/မသန(နိုင်)၀၈၅၇၃၈ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်းနိုင်**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ပညာမျိုးဆက်ကိုယ်ပိုင် အထက်တန်းကျောင်း (လှိုင်သာယာ)၊ ကျောင်းဝင်အမှတ် (၁၀၆၃/၂၄)၊ Grade-6 မှ မရှင်းလတ်ဟေသွယ်၏ ဖခင် အမည်မှန်မှာ TAN KHIN SEIN (ခ)ဦးဟန်စိန် ၁၂/လမတ(ပြု)၀၀၀၆၀၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ အထက(၂)ကျောင်း၊ G-12 မှ မဇင်နွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ထွန်း ၇/ဖမန(နိုင်)၂၅၇၈၈၈ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/16662 RATO 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၁၄/ပသရ(နိုင်)၀၆၄၀၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၅၂၅၄၀ HONDA WAVE 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာအောင်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင် စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/11630 Honda Dream 125 M/C အားစစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးဇင်ဝင်းနိုင် ၁၁/ပတန(နိုင်)၀၉၅၈၁၅ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀) ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင် စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RKE/3655 Yamaha Fino 125 M/C အား စစ်တွေမြို့၊ ညောင်ဝတီရပ်ကွက်နေ ဦးမြတ်သောင်းထွန်း ၁၁/စတန(နိုင်)၁၁၀၄၇၅ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀) ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်ခင်သန်းရီ ၁၂/ရကန(နိုင်)၀၁၁၄၃၃ (ဘ) ဦးအောင်ခင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၄၂၅၅) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၉/၂၀၁၈ (၂၀-၈-၂၀၁၈) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဘုန်းကြွယ် ၉/မထလ(နိုင်)၁၇၆၃၅၂ (ဘ) ဦးကျော်မြင့်မှ ဒေါ်ခင်အေးရီ ၅/ကလတ(နိုင်)၁၀၃၇၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်နွဲ့နွဲ့ကြည်

### အသက်(၈၂)နှစ်

နေပြည်တော်နေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်-ဒေါ်စိုးယဉ်မြင့်တို့၏အစ်မ ဒေါ်နွဲ့နွဲ့ကြည် သည် ၇-၉-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသိန်း- ဒေါ်ခင်ချိုအုန်း**

## ဦးအောင်ဇော်မြင့်

### ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

### စစ်ဆေးရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### စစ်တက္ကသိုလ်အပါတ်စဉ်(၄၁)

### အသက်(၄၉)နှစ်

နေပြည်တော်စည်ပင်အိမ်ရာ၊ တိုက်အမှတ် 2U3S-7၊ အခန်း(၂၂)နေ (ဦးမြင့်ရွှေ)-ဒေါ်စန်းရီတို့၏သား၊ (ဦးစိုးဝင်း)-ဒေါ်ခင်စန်း၊ (ဦးသိန်းငွေ)-ဒေါ်သိန်းသိန်းဝေတို့၏တူ၊ ဗိုလ်မှူး အောင်ရဲကျော်-ဒေါ်ချိုချိုစန်း၊ ဦးခန့်ကိုကိုဇော်- ဒေါ်ထက်ထက်တိုးတို့၏အစ်ကို၊ မဆုမြတ်မွန်၊ မောင်ကျော်သီဟထွဋ်တို့၏ချစ်လှစွာသောဦးလေးဦးအောင်ဇော်မြင့်၊ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ စစ်ဆေးရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စစ်တက္ကသိုလ်အပါတ်စဉ် (၄၁)၊ အသက်(၄၉)နှစ်သည် (၉-၉-၂၀၂၅)ရက် (အင်္ဂါနေ့) နံနက် (၀၉:၀၉)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား (၁၁-၉-၂၀၂၅)ရက် (၁၀:၀၀)နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၁၅-၉-၂၀၂၅)ရက်၊ တနင်္လာနေ့ နံနက် (၇:၀၀)နာရီမှ (၁၀:၀၀)နာရီအချိန်ထိ နေပြည်တော်စည်ပင်အိမ်ရာ၊ တိုက်အမှတ် 2U3S-7၊ အခန်း(၂၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဇော်မြင့်

### ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

### စစ်ဆေးရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### စစ်တက္ကသိုလ်အပါတ်စဉ်(၄၁)

### အသက်(၄၉)နှစ်

နေပြည်တော်စည်ပင်အိမ်ရာ၊ တိုက်အမှတ် 2U3S-7၊ အခန်း(၂၂)နေ (ဦးမြင့်ရွှေ)-ဒေါ်စန်းရီတို့၏သား ဦးအောင်ဇော်မြင့် ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ စစ်ဆေးရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စစ်တက္ကသိုလ်အပါတ်စဉ်(၄၁)၊ အသက် (၄၉)နှစ်သည် (၉-၉-၂၀၂၅)ရက် (အင်္ဂါနေ့)နံနက်(၀၉:၀၉)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပါတ်စဉ်(၄၁)**
**ကျောင်းဆင်းသူငယ်ချင်းများ**

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ- ၃)မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၂၈၅၆ လက်ဝယ်ရှိသူ ဦးသန်းကျော်စိုး ၁၀/မလမ(နိုင်)၂၀၃၂၂၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်**
**ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၈၉၂၈ လက်ဝယ်ရှိသူ ဦးကျော်အောင်ထွန်း ၁၀/မလမ(နိုင်)၂၆၆၅၆၀က ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်**
**ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၀၆၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးရဲဟိန်းထွန်း ၁၀/မလမ(နိုင်) ၂၁၉၄၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၇၅၀ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ညီညီသိန်း ၁၀/မလမ(နိုင်)၂၄၉၃၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ရဟန်း/ကျောင်း ဒါယိကာကြီး

### ဦးမြသိန်း (စစ်တွေ)

### လက်ထောက် အင်ဂျင်နီယာ(လျှပ်စစ်-ငြိမ်း )

### ဆောက်လုပ်ရေးဝန်ကြီးဌာန

### အသက်(၇၅)နှစ်

စစ်တွေမြို့နေ (ဦးမောင်သိန်း-ဒေါ်စိန်ရွှေမြ)တို့၏သားကြီး၊ (ဦးဘသာ-ဒေါ်စံသာဖြူ)တို့၏သားသမက်၊ ဒေါ်ခင်ခင်စံ၏ခင်ပွန်း၊ ကိုဝင်းသိန်းနိုင်-မချောအေးအေးထွန်းမင်းတို့၏ဖခင်၊ မအေးချမ်းခင်၊ မမေမြတ်ခင်၊ မသွန်းမြတ်ဖြူစင်တို့၏ အဘိုးဖြစ်သူ ဦးမြသိန်းသည် ၉-၉-၂၀၂၅ရက်(အင်္ဂါနေ့) နံနက်တွင် Ar Yu International ဆေးရုံ၌(၉၆)ပါးသောရောဂါဖြင့်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၉-၂၀၂၅ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်ခန်းမသစ်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

(အမှတ် ၁၀၀ ၊ ဓမ္မဝိဟာရလမ်း နေအိမ်မှကားများ မွန်းလွဲ ၁:၁၅နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဇော်မြင့်

### ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

### စစ်ဆေးရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အသက်(၄၉)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာန၊ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဦးအောင်ဇော်မြင့်အသက်(၄၉)နှစ်သည် (၉-၉-၂၀၂၅)ရက် (အင်္ဂါနေ့) နံနက်(၀၉:၀၉)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့တော်ဝန် ဦးသန်းထွန်းဦး**
**ဒုတိယမြို့တော်ဝန် ဦးမောင်မောင်**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ**

## ဒေါ်အေးလှ

### အသက်(၆၂)နှစ်

ဦးခင်ထွန်း-(ဒေါ်ခင်အေး) တို့၏သမီး၊ ဒေါ်ကျင်စန်း-(ဦးအောင်သန်း)၊ (ဦးလှသိန်း)-ဒေါ်ကြာရွှေ၊ (ဦးအုန်းစိုး)၊ ဦးစိုးမြင့်- (ဒေါ်ခင်လှ)တို့၏ညီမ၊ ဦးကျော်ဆွေ-ဒေါ်အေးဝင်း၊ ဦးလှသန်းထွေး-ဒေါ်ဥမ္မာတို့၏ အစ်မ၊ ဦးအောင်ကြည်-ဒေါ်လှလှဝင်းတို့၏အဒေါ်၊ မမြတ်စုကြည်၊ ဒေါက်တာရှင်ရဲထွဋ်တို့၏ အဘွားလေး၊ အမှတ် ၃၉ (ပထမထပ်)၊ ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဝင်း နိုင်)၏ဇနီး ဒေါ်အေးလှသည်၉-၉-၂၀၂၅ရက်(အင်္ဂါနေ့) နံနက် ၆:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူအတူနေမိသားစုမှ ဝမ်းနည်းညှိုးငယ်စွာဖြင့် အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/2504, Toyota Landcruiser Prado KZJ95 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင်၉/မသန(နိုင်) ၁၃၂၆၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၄၉၉၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးဟန် ၁၀/မလမ(နိုင်)၁၄၄၈၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ ရှင်သိဒ္ဓတ်(၁၃)လမ်း၊ တိုက်အမှတ်(၁၀၆၅/ခ)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်နေသည့် (၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ကန်ထရိုက်တာ ဦးခင်မောင်မြင့် ၁၂/တကန(နိုင်) ၀၈၅၂၆၉ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် မြေညီထပ် ခြေရင်းခြမ်း အခန်းအကျယ်အဝန်း (၁၆x၅၂) ပေ၊ အမြင့် (၁၂)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြင့်မြင့်စန်း(ခ)ဒေါ်ဘေဘီ

### (မအူပင်)

### အသက်(၈၆)နှစ်

မအူပင်မြို့နေ (ဦးကိုကိုကြီး-ဒေါ်သန်းရွှေ) တို့၏သမီးကြီး၊ (ဦးထွန်းစိန်-ဒေါ်ကြင်) တို့၏သမီးချွေးမ၊ (ဦးမြင့်သိန်း-ဒေါ်သိန်းနွဲ့)၊ (ဒေါ်တင်တင်အေး)၊ ဦးတင်မောင်ဇော် တို့၏အစ်မ၊ ရဲမှူးကြီးငွေစိုးထွန်း(မူးယစ်ဗဟို)၏ ချစ်လှစွာသောဇနီး၊ ဦးဖြိုးမြင့် ညွှန်ကြားရေးမှူး(ငြိမ်း-ဆမ)-ဒေါ်မာရီလှ၊ ဦးစိုးနိုင်ဦး ရဲမှူးချုပ်(ငြိမ်း) -ဒေါ်သီတာစိုး၊ ဦးအောင်နိုင်မြင့်၊ ဒေါ်နီလာထွန်း၊ ဦးမြတ်စိုး(ခ) ဦးမြတ်စိုးထွန်း- ဒေါ်ခင်ငြိမ်းချမ်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ ကိုစောသူရ-မလှမြင့်ဝေ၊ ကိုထိန်လင်းအောင်၊ မောင်ကောင်းမြတ်သန့်၊ မောင်စိုးဝေယံထက်၊ မမိုးလေးသခင်တို့၏ ဘွားဘွားကြီးသည် ၉-၉-၂၀၂၅ရက်(အင်္ဂါနေ့)ညနေ ၃:၁၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၁-၉-၂၀၂၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှတ် ၂/၃၀/၄၃၊ မြတ်သီရိလမ်း၊ ဝန်ထမ်းကြီးရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးလှဝင်း

### ညွှန်ကြားရေးမှူး(ကမ်းလွန်)

### အသက်(၆၀)နှစ်

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာနမှ ညွှန်ကြားရေးမှူး(ကမ်းလွန်)ဦးလှဝင်း၊ အသက်(၆၀)နှစ်သည် ၈-၉-၂၀၂၅ရက်(တနင်္လာနေ့)ည ၁၀နာရီတွင်(၉၆)ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်းအမှုထမ်းများ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးအောင်သိုက်ဝင်း-ဒေါ်မေလှဲဝါသွေးတို့၏မိခင် ဒေါ်မြမြဝင်း အသက်(၇၆)နှစ် သည် ၃၁-၈-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၈)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဇော်မြင့်

### ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

### စစ်ဆေးရေးဌာန၊

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အသက်(၄၉)နှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စစ်ဆေးရေးဌာန၊ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်ဇော်မြင့် အသက်(၄၉)နှစ်သည် ၉-၉-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် (၀၉:၀၉) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဌာနကြီးမှူးများ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မလွဲ့ယဉ်ချို၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးငြေး ၆/ပလန(နိုင်)၀၂၁၁၂၇ ဖြစ်ပါကြောင်း။

**ဦးငြေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၈၆၃၂၉, Sawasdee 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၆/မအရ(နိုင်)၀၆၇၇၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်မြို့)**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း Grade-12 B တန်းမှ မောင်ဟိန်းခန့်ကို၏ ဖခင် ဦးညဏ်နှင့် ဦးစိန်ညဏ် ၁၀/မလမ(နိုင်)၁၆၁၆၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညဏ်(ခ)ဦးစိန်ညဏ်**

## အမည်ပြောင်း

ဦးအောင်ဇော်လတ် ၁၂/တကန(နိုင်)၁၂၉၁၉၀၏သား အင်းစိန် အထက(၆) Grade-(1)မှ မောင်ချမ်းမြေ့ဦး အား မောင်ပိုင်ဟိန်းထက် ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/65390, NEW ZHINENG-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၉/မနမ(နိုင်)၀၄၁၄၄၀က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၂၅၆၊ ဧရိယာ (၄၀ပေx၆၀ပေ)၊ မြေကွက် တည်နေရာအမှတ်(၂၅၆)၊ နဝရတ်(၅)လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းရီ(TKA- ၀၂၄၈၀၃) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ရီဝင်းမှတရားလိုပြုလုပ်၍ ဦးထွန်းရီအား တရားပြိုင်ထားကာ သာကေတမြို့နယ်၊ တရားရုံး၊ တရားမကြီးမှုအမှတ်-၂၄/ ၂၀၂၅ဖြင့် ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၅-၅-၂၀၂၅)ရက်စွဲပါ စီရင်ချက်၊ တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၅၆/၂၀၂၅ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့် ချမှတ်သည့်(၄-၇-၂၀၂၅)ရက်စွဲပါ တရားရုံးနေစဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး(၁၂/ဥကတ(နိုင်)၁၄၈၈၅၇)က လက်မှတ်ရေးထိုး မည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ် (၃၅၇)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဦးသိန်းကြွယ် အမည်ပေါက် ပါမစ်မြေကွက်ကိုအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးလာလ်ထန်ဇွာလ်(၁၂/ဒဂမ(နိုင်)၀၃၄၆၄၈)က ယင်းမြေကွက်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)၊**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

- ❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်…
- ❖ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်…
- ❖ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန် ပွဲစဉ် (၂)တွင် ကိုဆိုဗိုက နာမည်ကြီး ဆွီဒင်ကို ဂိုးပြတ်အနိုင်ရ


ကိုဆိုဗိုနှင့် ဆွီဒင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန် ပွဲစဉ် (၂) မှ စက်တင်ဘာ ၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ကိုဆိုဗိုနှင့် နာမည်ကြီး ဆွီဒင်အသင်းပွဲစဉ်တွင် ကိုဆိုဗိုအသင်းက အကြိတ်အနယ်ကစားကာ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဆွီဒင်အသင်းသည် ယိုကာရက်စ်၊ အီလန်ဂါ၊ ဂွတ်မွန်ဆင်၊ အီဆတ်စသည့် ကမ္ဘာ့အဆင့် ထိပ်တန်းကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည်ဖြစ်သည်။

ကိုဆိုဗိုအသင်းသည် ပြိုင်ဘက်ဆွီဒင်အသင်း၏ ဖိအားပေးကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသော်လည်း ရရှိလာသည့် အခွင့်အရေးများကို အမိအရအသုံးချကာ အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ ကိုဆိုဗိုအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေသည်။ ပြိုင်ဘက်ဆွီဒင်အသင်းက နှစ်ပွဲကစားပြီး တစ်ပွဲသရေနှင့် တစ်ပွဲရှုံးရလဒ်ရရှိထားသည်။ ပွဲကစားချိန်ပြည့်ခါနီးတွင် ကိုဆိုဗိုအသင်းမှ လူစားဝင် ကွင်းလယ်ကစားသမား

စာမျက်နှာ ၉ ကော်လံ ၁ ❖

# MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်၊ ဒဂုံစတားနှင့် ရန်ကုန်ယူနိုက်တက်အသင်း အမှတ်ပြည့်ရယူ


ရှမ်းယူနိုက်တက်အသင်းနှင့် Falcon အသင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် စက်တင်ဘာ ၉**

၂၀၂၅ ရာသီ MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် ပွဲစဉ် (၁၉) ဒုတိယနေ့ကို စက်တင်ဘာ ၉ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ဒဂုံစတားနှင့် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက Falcon အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ရှစ်မိနစ်တွင် ထက်ရှိုင်းအောင်နှင့် ၆၁ မိနစ်တွင် ခွန်မြတ်ဆွေတို့က သွင်းယူပြီး Falcon အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၁ မိနစ်တွင် မြင့်မြတ်ကိုကိုက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

# FIFA-MFF ယူ-၁၉ ဖူဆယ်လိဂ်တွင် ချန်ပီယံဆုအတွက် Winner Soccer နှင့် YRG အသင်း အပြိုင်ဖြစ်နေ

**ရန်ကုန် စက်တင်ဘာ ၉**

FIFA-MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ လက်ကျန်သုံးပွဲအလိုတွင် ချန်ပီယံဆုအတွက် Winner Soccer နှင့် YRG အသင်း အပြိုင်ဖြစ်နေပြီး လက်ကျန်သုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။

လက်ကျန်သုံးပွဲအလိုတွင် ချန်ပီယံဆုအတွက် ၅၁ မှတ်ရထားသည့် Winner Soccer အသင်းနှင့် ၄၈ မှတ်ရထားသည့် YRG အသင်းတို့သာ မျှော်လင့်ချက်ရှိတော့ပြီး လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသလို နှစ်သင်းထိပ်တိုက်တွေ့ဆုံမည့်ပွဲလည်း ပါဝင်နေသဖြင့် ယင်းပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့်ပွဲစဉ်တွင် ဖူဆယ်ချစ်သူအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက JV အသင်းကို သုံးဂိုး-နှစ်ဂိုး၊ YRG အသင်းက FFU မင်းမဟော်အသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ Winner Soccer အသင်းက Royal Noka အသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ MIU အသင်းက Generations အသင်းကို သုံးဂိုး-တစ်ဂိုး၊ YCDC MHDT အသင်းက VUC Ulad အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❑


Winner Soccer အသင်းနှင့် Royal Noka အသင်း ယှဉ်ပြိုင်စဉ်။

## ယနေ့ သတင်းအညွှန်း

**စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်**

ပြည်တွင်းသတင်း စာ ၁၃

**ဆူဒန်နိုင်ငံအနောက်ပိုင်း မြေပြိုကျမှုကြောင့် လူပေါင်း ၃၇၅ ဦး သေဆုံး**



နိုင်ငံတကာသတင်း စာ ၁၄

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃ (က) အရ ပြစ်ဒဏ်ချမှတ်**

ပြည်တွင်းသတင်း စာ ၁၆